## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**



# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၄၁)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်နေ့
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်၊ တနင်္ဂနွေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

( ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက် )

**ချစ်ခင်လေးစားအပ်ပါသော ရခိုင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ ညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ယနေ့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ရခိုင်ပြည်နယ်နှင့်ဒေသအသီးသီးတွင် ရောက်ရှိနေထိုင်ကြသော ရခိုင်တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ သုခချမ်းသာပြည့်စုံကြ၍ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရခိုင်ပြည်နယ်နေ့သည် ပြည်ထောင်စုဖွား ရခိုင်တိုင်းရင်းသားတို့အတွက် ထူးခြားလေးနက်သော ဝိသေသများနှင့်ပြည့်စုံပြီး ဂုဏ်ယူဖွယ်ရာ မင်္ဂလာရှိသောနေ့ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ်တွင် ရေးဆွဲအတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းနှင့်ပြည်နယ်များ သတ်မှတ်ပြဋ္ဌာန်းရာတွင် ရခိုင်ပြည်နယ်သည်လည်း ပြည်နယ်တစ်ခုအဖြစ် ပါရှိခဲ့ပါသည်။ ယင်း၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးအတွက် ဆန္ဒခံယူပွဲစတင်ကျင်းပခဲ့သည့် ဒီဇင်ဘာလ (၁၅)ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ်သတ်မှတ်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် နှစ်(၅၀)ပြည့်မြောက်ပြီဖြစ်ပါသဖြင့် ရွှေရတုအထိမ်းအမှတ်နှစ်အဖြစ် သမိုင်းဝင်မော်ကွန်းတင်ပြီး အောင်လံစိုက်ထူကမ္ဘည်းရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။

**စာမျက်နှာ ၆ ကော်လံ ၁★**

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်၁၀၀ပြည့်(၁၇)ကြိမ်မြောက်ပန်းပွဲတော်ဖွင့်ပွဲကျင်းပ

ပြင်ဦးလွင် ဒီဇင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားကန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အဖွင့်သီချင်းနှင့်အကတို့ဖြင့် ဂုဏ်ပြုတင်ဆက်ခဲ့သည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက

**စာမျက်နှာ ၉ ကော်လံ ၁**



**ဆောင်းပါး**

## တပ်တော်ဝင် အညွန့်အဖူး... ပွင့်ဦးက စစ်စွမ်းရည်

စာ - ၁၂ သို့




## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်)

# တန်းတူညီမျှရေးနှင့်အမျိုးသားစည်းလုံးညီညွတ်ရေး

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ဗုဒ္ဓဘာသာထွန်းကားမှုနှင့်အတူ ယဉ်ကျေးသိမ်မွေ့သော လူ့အဖွဲ့အစည်းတစ်ရပ်ရှိနေသည်မှာယနေ့တိုင်ဖြစ်သည်။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားစေလျက် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာဝပြောရေးကိုတည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ်ဆောင်ရွက်ထိန်းသိမ်းလျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူလျက် ထာဝစဉ်စည်းလုံးညီညွတ်စွာ အတူတကွလက်တွဲနေထိုင်လျက်ရှိသည်။ ထို့ပြင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းသင်းဆက်ဆံရေးကိုရှေးရှုလျက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းလျက်ရှိသည်။ ဤသည်မှာ လူသားအချင်းချင်း အခွင့်အရေးပြည့်ဝစိတ်ချမ်းသာစွာ နေထိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ထားခြင်းဖြစ်သည်။

ယနေ့အချိန်ကာလတွင် ခေတ်စားလာသည့် လူ့အခွင့်အရေးနှင့်ပတ်သက်လာလျှင် မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကို ပြည့်ပြည့်ဝဝကျင့်သုံးသည့်နိုင်ငံအဖြစ် ခိုင်မာစွာတည်ရှိသည်။ သို့သော် ပြည်ပနိုင်ငံအချို့က မြန်မာ့နိုင်ငံအရေးကိစ္စကို တစ်ဖက်သတ်အမြင်ဖြင့် ၎င်းတို့ထင်သလို မဟုတ်မမှန်စွပ်စွဲချက်များဖြင့် လူ့အခွင့်အရေးကင်းမဲ့နေသယောင် လုံ့ဆော်သွေးထိုးဝါဒဖြန့်လျက်ရှိသည်။ မြန်မာတိုင်းရင်းသားတို့၏လူနေမှုပုံစံ၊ ဓလေ့စရိုက်တို့ကို ထဲထဲဝင်ဝင်လေ့လာသိရှိခြင်းမရှိဘဲ အဆိုးမြင်ဝါဒဖြင့်စွပ်စွဲပြောဆိုနေခြင်း၊ အကြောင်းပြနေခြင်းဖြစ်သည်။ နိုင်ငံတကာအခြေအနေကို ထဲထဲဝင်ဝင်လေ့လာကြည့်လျှင် လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးကို တသွင်သွင်ပြောကြားနေသည့်နိုင်ငံအချို့မှာ လူ့အခွင့်အရေးဆုံးရှုံးမှုအများဆုံးဖြစ်နေသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို ထောက်ခံအတည်ပြုခဲ့ရုံသာမက နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံသူ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များကို ထည့်သွင်းဖော်ပြထားသည်မှာ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အရေးကြီးသည့် လူ့အခွင့်အရေးစံနှုန်းများကို လိုက်လျောညီထွေစွာ ထည့်သွင်းပြဋ္ဌာန်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်းတွင်လည်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းဟူသည့် လူ့အခွင့်အရေးစံများဖော်ညွှန်းပါဝင်သည်။ အဆိုပါအချက်များကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကိုအသိအမှတ်ပြုအလေးထားသော ထင်ရှားသည့်ဝိသေသလက္ခဏာများရှိကြောင်း၊ ကျင့်သုံးကြောင်း ထင်ရှားလှသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် လွတ်လပ်ရေးရရှိပြီး ထိုနှစ်ဒီဇင်ဘာလ ၁၀ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုထုတ်ပြန်ခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အတည်ပြုရာတွင်မြန်မာနိုင်ငံကထောက်ခံမဲပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်များတွင် မြန်မာနိုင်ငံကအဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ထားပြီး နိုင်ငံအဆင့်အစီရင်ခံစာများတင်သွင်းခြင်းနှင့် ကမ္ဘာ့နိုင်ငံအားလုံး၏လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ်တို့တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံသားများ၏လူ့အခွင့်အရေး ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်းပြီး ဖွဲ့စည်းတည်ထောင်ထားရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၇၆)နှစ်မြောက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ် **“တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးပျက်ပြားစေသည့် အမုန်းစကားများ၊ သတင်းမှားများ၊ လုပ်ကြံသတင်းများကို တန်ပြန်ဖယ်ရှားပြီး မျှတမှန်ကန်မှုရှိသည့်၊ စည်းစနစ်ကျသည့် အခွင့်အရေးများကို ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်မှသာလျှင် လူ့အခွင့်အရေးဆိုသည်မှာ ငြိမ်းချမ်းပြီး တန်းတူညီမျှသည့် ကမ္ဘာကြီးအတွက် အခြေခံကျသည့် ခွန်အားအဖြစ်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာရေးအတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ပါအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးများ **တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေး**ကိုကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လိုလားတောင့်တသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်လုပ်ဆောင်နေခြင်းမှာ ပြည်သူများ၏လူ့အခွင့်အရေးများကို ဖျက်ဆီးနေခြင်းဖြစ်သည့်အတွက် အဖျက်အမှောင့်လုပ်ရပ်များကို ပြည်သူအားလုံးကလက်တွဲဆန့်ကျင်တိုက်ဖျက်ကြရမည်ဖြစ်သည်။ သို့မှသာ တန်းတူညီမျှရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။ ။




# ဇေယျာသီရိမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်ဆိုင်ရာစွမ်းရည်မြင့်မားရေးပြိုင်ပွဲများကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောက်ချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဖိတ်ခေါ်၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်ဆိုင်ရာ စွမ်းရည်မြင့်မားရေးပြိုင်ပွဲများကို ဒီဇင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ကလေးငယ်များပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိပြီး ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတများကြွယ်ဝစေရန် ရည်ရွယ်၍ ယခုလို ပြည်သူ့စာကြည့်တိုက်သို့ဖိတ်ခေါ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြပွဲများ၊ ပြိုင်ပွဲများပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ ကလေးငယ်များအား (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပုံတူပန်းချီဆွဲပြိုင်ပွဲများကျင်းပပေးကြောင်း၊ ဆုရရှိသည့်ကလေးငယ်များအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်မြစန်းရီနှင့် ဝန်ထမ်းများက ဆုများပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များအား လေ့လာကြည့်ရှုကြောင်း သိရသည်။ (၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၂-၂၀၂၄(တနင်္ဂနွေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း | ၁၅။ | ၁၂:၅၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၂။ | ၀၆:၀၃ | တရားတော် | ၁၆။ | ၁၃:၁၅ | မျှဝေဆွေးနွေးလူငယ့်အရေး |
| ၃။ | ၀၇:၁၅ | မေတ္တာပို့ | ၁၇။ | ၁၄:၁၀ | ဇာတ်လမ်းတို |
| ၄။ | ၀၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၈။ | ၁၆:၁၀ | ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး |
| ၅။ | ၀၇:၄၀ | မျိုးချစ်တပ်မတော် | | | |
| ၆။ | ၀၇:၄၅ | မြန်မာ့ရှုခင်း | ၁၉။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၇။ | ၀၈:၀၅ | မောင်မယ်လေးများသိစေချင် | ၂၀။ | ၁၈:၄၀ | စိုက်ပျိုးသုတ |
| ၈။ | ၀၈:၂၅ | Movies and Movies | ၂၁။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ သန္တုဋ္ဌိစ** |
| ၉။ | ၀၈:၃၅ | သုတရသစုံလင်ဗဟုသုတပုံပြင် | | | |
| ၁၀။ | ၀၉:၄၅ | အမှတ်တရနေ့ရက်များ | ၂၂။ | ၁၉:၄၀ | ယှဉ်ပြိုင်နွှဲပျော်အမျိုးသား အားကစားပွဲတော် |
| ၁၁။ | ၁၀:၁၀ | အမျိုးသားရေးတေးကဗျာ | | | |
| ၁၂။ | ၁၀:၅၀ | စာပေအလင်းစာပေသတင်း | ၂၃။ | **ည ၈ နာရီ သတင်းအပြီး** | နိုင်ငံတကာသတင်း |
| ၁၃။ | ၁၁:၂၀ | ပြည်သူ့ကြားက ပြည်သူ့စကား | ၂၄။ | | မိုးလေဝသသတင်း |
| ၁၄။ | ၁၂:၁၀ | Weekly National News | ၂၅။ | | တရားတော် |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အမျိုးသားအားကစားပွဲတော်ကျင်းပပေးခြင်းအားဖြင့် မျိုးဆက်သစ်လူငယ်ကစားသမားတွေအများကြီး ထွက်ပေါ်လာမှာဖြစ်ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အားကစားသမားကောင်းတွေကို စိတ်ကြိုက် ရွေးထုတ်လို့ရမှာဖြစ်ပါတယ်။

ဦးချစ်ကိုကိုလွင် ဘော်လီဘောလက်ထောက်နည်းပြ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြု

နေပြည်တော် ဒီဇင်ဘာ ၁၄

**ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ သက်ဆိုင်ရာအားကစားနည်းအလိုက် တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-**



ဗိုလ်ကြီးသီဟန်



ဦးထက်ဇော်



မထက်ထက်ထွေး



ဦးချစ်ကိုကိုလွင်

**ဗိုလ်ကြီးသီဟန်**
**အထွေထွေအတွင်းရေးမှူး**
**မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်**

အခုယှဉ်ပြိုင်တဲ့ အလေးမအားကစားနည်းကတော့ အမြန်မနဲ့ နှစ်ဆင့်မပါ။ အမြန်မ၊ နှစ်ဆင့်မ နှစ်မျိုးလုံးပြိုင်ရတဲ့အတွက်နှစ်မျိုးလုံးဟာ နည်းစနစ်ပိုင်းအရေးကြီးပါတယ်။ လေ့ကျင့်မှုချင်းတူရင်တောင်မှ နည်းစနစ်ပိုင်းသာတဲ့ကစားသမားက အနိုင်ရမှာဖြစ်ပါတယ်။ ပြိုင်သွားတဲ့ ပြိုင်ပွဲတိုင်းမှာ နည်းစနစ်မှန်မှန်နဲ့ ကစားသွားနိုင်ဖို့ဆိုရင် အကြိမ်ကြိမ်၊ အနှစ်နှစ်အလလ လေ့ကျင့်ပြီးတော့မှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို သွားပြိုင်ရတာပါ။ အလေးမအဖွဲ့ချုပ်အနေနဲ့ နိုင်ငံတကာသွားပြိုင်မယ့် ကစားသမားတွေကို နည်းစနစ်မှန်မှန်ကန်ကန်နဲ့ ဖြစ်အောင် လေ့ကျင့်ပေးပါတယ်။ ဒိုင်၊ နည်းပြသင်တန်းတွေမှာ အလေးမနည်းဘယ်နှနည်းရှိတယ်။ နည်းစနစ်မှန်မှန်နဲ့ ဘယ်လိုလေ့ကျင့်ရတယ်ဆိုတာကို အလေးမအဖွဲ့ချုပ်တင်မဟုတ်ဘဲ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက သိဖို့ အားကစားနဲ့ ကာယပညာလေ့ကျင့်ရေးဦးစီးဌာနကရော၊ အဖွဲ့ချုပ်ကရော အပြည်ပြည်ဆိုင်ရာက ချမှတ်ထားတဲ့ စည်းမျဉ်းတွေကို သင်တန်းမှာလည်း ပို့ချပေးပါတယ်။ မနှစ်ကရော၊ ဒီနှစ်ရော ပြိုင်ပွဲဝင်တွေရဲ့ စွမ်းရည်အများကြီးတိုးတက်တယ်။ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်အတွက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလလောက်ကတည်းက ကစားသမားတွေစုစည်းခဲ့တာဆိုတော့ ကစားသမားတွေအတွက် လေ့ကျင့်ချိန်ပိုရတယ်။ အဲဒါကြောင့် စံချိန်တွေမှာ တိုးတက်မှုရှိတယ်။ ပြိုင်ပွဲဝင်တွေရဲ့ နည်းစနစ်ပိုင်းဆိုင်ရာလည်း ပိုကောင်းလာတာတွေ့ရတယ်။

**မောင်ဝေယံပိုင်**
**အမျိုးသားရေကူးပြိုင်ပွဲဝင်**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**

ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု အမျိုးသားရေကူးပြိုင်ပွဲမှာ မီတာ ၂၀၀ IM နဲ့ မီတာ ၁၀၀ ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမတိုင်ခင်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ကျင်းပတဲ့ အရှေ့တောင်အာရှရေကူးပြိုင်ပွဲမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ ဆုတံဆိပ်မရခဲ့ပေမယ့် ပြိုင်ပွဲဝင်အဆင့်ကတော့ မြင့်ပါတယ်။ အခုလိုပြိုင်ပွဲဝင်ကစားသမားကောင်းတစ်ဦးဖြစ်ဖို့အတွက် ပြင်းပြင်းထန်ထန်လေ့ကျင့်ခဲ့ရပါတယ်။ အခုလို အမျိုးသားအားကစားပွဲတော်ကြီးကို ကျင်းပပေးတဲ့ တာဝန်ရှိသူတွေနဲ့ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးထက်ဇော်**
**ပိုက်ကျော်ခြင်းနည်းပြချုပ်ဟိုတယ်နှင့်**
**ခရီးသွားလာရေးဝန်ကြီးဌာနကိုယ်စားပြု**

စခန်းသွင်းလေ့ကျင့်ချိန်နည်းပေမယ့် ပြိုင်ပွဲဝင်ကစားသမားတွေရဲ့ ပင်ကိုစွမ်းရည်ကြောင့် အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲမှာ ဗိုလ်လုပွဲအထိ တက်လှမ်းခဲ့တာဖြစ်ပါတယ်။ မန္တလေး ရွှေမန်းတောင်ကွင်းမှာ ၁၅ ရက်စခန်းသွင်း လေ့ကျင့်ခဲ့ပါတယ်။ နေပြည်တော်မှာ ၁၅ ရက်လေ့ကျင့်တယ်။ စုစုပေါင်း ၂၅ ရက်နဲ့ ဒီပြိုင်ပွဲကို ဝင်ပြိုင်ခဲ့တာပါ။ ဆီမီးဖိုင်နယ်မှာ တွေ့ခဲ့တဲ့ ကာကွယ်ရေးအသင်းက အတော်လေးကောင်းတယ်။ ဒါပေမဲ့ ကျွန်တော်တို့အသင်းက ပြိုင်ပွဲဝင်တွေရဲ့ နိုင်လိုစိတ်ပြင်းထန်တာကြောင့်သာ အနိုင်ရရှိခဲ့တာပါ။ မန္တလေးအမျိုးသားပိုက်ကျော်ခြင်း အသင်းနဲ့အတူ ရွှေတစ်ခု၊ ကြေးတစ်ခု ရရှိထားပါတယ်။

**မထက်ထက်ထွေး**
**အမျိုးသမီးအလေးမပြိုင်ပွဲဝင်**
**စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု**

အခုလို တိုင်းဒေသကြီးကိုယ်စားပြု အမျိုးသမီးအလေးမပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရတာ အများကြီးဝမ်းသာပါတယ်။ ၄၉ ကီလိုတန်းမှာ ရွှေတံဆိပ်ဆုရခဲ့တာပါ။ အလေးမအားကစားကို ဝါသနာပါလို့ အသက် ၁၃ နှစ်အရွယ်ကတည်းက လေ့လာသင်ယူခဲ့တာဖြစ်ပါတယ်။ အရင်က တိုင်းဒေသကြီးအဆင့် ၂၀၁၉ ခုနှစ်မှာ တစ်ပွဲ၊ ၂၀၂၂ ခုနှစ်မှာ တစ်ပွဲ၊ ၂၀၂၃ ခုနှစ်မှာ တစ်ပွဲပြိုင်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်ကတော့ ရွှေတစ်ခုနဲ့ အကောင်းဆုံးဆုတစ်ခုရခဲ့ပါတယ်၊ ၂၀၂၃ ခုနှစ်မှာတော့ ငွေတံဆိပ်ဆုပဲရခဲ့တာဖြစ်ပါတယ်။

**ဦးချစ်ကိုကိုလွင်**
**ဘော်လီဘောလက်ထောက်နည်းပြစီမံကိန်း**
**နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားပြု**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဘော်လီဘောအသင်းကိုအောက်တိုဘာလ ၁ ရက်ကတည်းက စခန်းသွင်းလေ့ကျင့်ခဲ့တာဖြစ်ပါတယ်။ ဒီနေ့ယှဉ်ပြိုင်ခဲ့တာကတော့ ဒုတိယအုပ်စုပတ်လည်ဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းမှာ အသက် ၁၈၊ ၁၉ အရွယ်ကစားသမားတွေ များပါတယ်။ ဒါပေမဲ့ ဘယ်အသင်းနဲ့ တွေ့တွေ့ အကောင်းဆုံးယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ အရင်ပွဲတွေမှာလည်း သုံးပွဲပြတ်တွေနဲ့ချည်းအနိုင်ရရှိခဲ့ပါတယ်။ ပြိုင်ဘက်အသင်းတွေကလည်း တော်တော်ကောင်းပါတယ်။ ကျွန်တော်တို့အသင်းလည်း ခက်ခက်ခဲခဲကစားပြီးမှ အနိုင်ရခဲ့တာဖြစ်ပါတယ်။ အမျိုးသားအားကစားပွဲတော်ကျင်းပပေးခြင်းအားဖြင့်မျိုးဆက်သစ်လူငယ်ကစားသမားတွေ အများကြီးထွက်ပေါ်လာလိမ့်မယ်။ အဲဒီထဲကမှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက်အားကစားသမားကောင်းတွေကိုစိတ်ကြိုက်ရွေးထုတ်လို့ရမှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်းနှင့်**
**ဓာတ်ပုံ-အလင်းသစ်၊ လင်းရာမ**

# အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)ကို ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၁၄

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)သို့ ရောက်ရှိပြီး သံရည်ကျိုအလုပ်ရုံ၊ အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံ၊ စွန့်ပစ်အပူသုံး ဓာတ်အားပေးအလုပ်ရုံ၊ စက်မှုလုပ်ငန်းသုံး ရေလုံလောက်စွာရရှိရေးအတွက် ရေအရင်းအမြစ်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သံမြေမှသံစိမ်းများထုတ်လုပ်နိုင်ရေးအတွက် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)၌ အလုပ်ရုံ ၂၂ ရုံ တည်ဆောက်ခဲ့ကြောင်း၊ အဆိုပါ အလုပ်ရုံ ၂၂ ရုံအနက် အလုပ်ရုံ ၁၉ ရုံသည် စက်မှုဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှကျွမ်းကျင်ပညာရှင်များနှင့် ပြည်တွင်းပညာရှင်များဖြင့် စက်ပစ္စည်းကိရိယာများကိုစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်၍ စက်စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်ရှိသည့် အလုပ်ရုံသုံးရုံကိုလည်း အမြန်ဆုံးပြီးပြတ်နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်ထုတ်လုပ်ရေးအလုပ်ရုံတွင် ဆောင်ရွက်ရန်ကျန်လုပ်ငန်း ၈၀ ရှိသည့်အနက် စက်မှုဝန်ကြီးဌာနမှ လုပ်ငန်း ၄၅ ခု၊ ပြည်ပကျွမ်းကျင်ပညာရှင်များဖြင့်ပူးပေါင်း၍ လုပ်ငန်း ၃၅ ခု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့် လုပ်ငန်း ၄၅ ခုနှင့်ပတ်သက်၍ အမြန်ဆုံးပြီးစီးအောင်စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့် လုပ်ငန်းများ ပြီးပြတ်မှသာ ပြည်ပကျွမ်းကျင်ပညာရှင်များလာရောက်မည်ဖြစ်၍ လုပ်ငန်းများကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

(သတင်းစဉ်)

## နံနက်စာကို အသားရောအသီးအနှံပါ စုံလင်စွာစားသောက်သင့်သည်။

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**"ကျွန်တော်သည် ဘဝခယောင်းလမ်းကျဉ်းမြောင်း၍ လှည့်စောင်းပြေးနေခဲ့ရသော်လည်း အခြေအနေပေးလျှင်ပေးသလို စာဖတ်သည်၊ စာရေးသည်။ ဌာနဆိုင်ရာများကလည်း ကျောင်းတွေမှာ ကျောင်းစာကြည့်တိုက် တည်ထောင်ဖွင့်လှစ်ကြရန် ညွှန်ကြားသည်. . ."**

**ယမန်နေ့မှအဆက်**

ဂုဏ်ပြုခံဆရာကြီး၊ ဆရာမကြီးများ ကိစ္စပြီးချိန်တွင် ထူးချွန်ဆရာ၊ ဆရာမများကို ဆုပေးပါတော့သည်။ ဆုကတော့ ရန်သူမျိုးငါးပါးဒဏ်ကြောင့် ဘေးဒုက္ခတွေ့ကြုံခဲ့ကြရသည့် ကျောင်းသား၊ ကျောင်းသူများကို သက်စွန့်ဆံဖျားကယ်တင်ခဲ့ကြသည့် ဆရာ၊ ဆရာမများကို ပေးသည့်ဆုဖြစ်သည်။ တတိယအကြိမ် ချီးမြှင့်ခံကြရသည့် ပုဂ္ဂိုလ်များကတော့ ၂၀၀၆ ခုနှစ်အတွက် ကမ္ဘာ့ဆရာများနေ့ စာပေပြိုင်ပွဲတွင် ဆုရရှိကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးဝန်ထမ်းများ ဖြစ်ကြသည်။

"အနန္တဂိုဏ်းဝင်ကျေးဇူးရှင်ဆောင်းပါးစာမူဖြင့် ဒုတိယဆုရရှိတဲ့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အ.မ.က-၂၃ (မူလွန်)က ကျောင်းအုပ်ဆရာကြီး ဦးဘညွန့် (ကျွန်းစဉ်မြေစောခက်) အားဆုယူရန် ဖိတ်ခေါ်အပ်ပါတယ်ရှင့်"

ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးက ကျောင်းဆရာမလေး ဆုယူအပြီးမှာ ကျွန်တော့်နာမည်ခေါ်လာတာကြောင့် ထိုင်ခုံကထပြီး ညာဘက်ခြမ်းလမ်းကြောင်းလေးကနေ ကျွန်တော် စင်ပေါ်သို့တက်လိုက်သည်။ ကိုယ်ကိုမတ်မတ်ထားပြီး ဘယ်ခြေ၊ ညာလက်အနေအထားမှန်မှန်လေးနဲ့ ဆက်လျှောက်လိုက်သည်။ ကြမ်းခင်းပေါ်က မျဉ်းဖြူတန်းအရောက်မှာခြေထောက်စုံရပ်ပြီး ဆုချီးမြှင့်မည့်ပုဂ္ဂိုလ်ကို ဦးညွတ်အလေးပြုလိုက်သည်။ ထိုမှတစ်ဆင့် ဘယ်ခြေကိုရှေ့မျဉ်းဖြူသို့ လှမ်းတက်လိုက်ပြီး ညာခြေကိုဘယ်ခြေနဲ့အတူ ကပ်ဆွဲပြီး ရပ်လိုက်သည်။ ဆုပေးသူလူကြီးဆီက ချီးမြှင့်သည့်ဂုဏ်ပြုလက်ဆောင်ကို လက်ခံပြီး ဘယ်လက်နဲ့ထိန်းကာ ဘယ်ဘက်နံဘေးတွင် ကပ်ထားလိုက်သည်။ လူကြီးကမ်းပေးသည့်လက်ကို ညာလက်ဖြင့်ဆွဲပြီး ယဉ်ကျေးစွာ လှုပ်ယမ်းနှုတ်ဆက်လိုက်သည်။

ပရိသတ်လက်ခုပ်သံများ ခန်းလုံးပြည့် ညံသွားသည်။ နှုတ်ဆက်အပြီးမှာ ကျွန်တော် ဘယ်ခြေနဲ့ပဲ နောက်နားမျဉ်းဖြူတန်းသို့ ပြန်ဆုတ်ပြီး ညာခြေကိုဘယ်ခြေသို့ကပ်ဆွဲပြီး အတက်တုန်းကလုပ်သလို အဆင်းတွင်လည်း ထပ်မံပြုလုပ်လိုက်သည်။ ခြေနှစ်ချောင်းစုံရပ်အပြီးမှာ ဆုချီးမြှင့်သူလူကြီးကို ဦးညွတ်ကာထပ်မံဂါရဝပြုပြီး စင်မြင့်၏ဘယ်ဘက်ခြမ်းလှေကားက ခပ်မှန်မှန်လျှောက်လှမ်းပြီး ဆင်းလာခဲ့ပါတော့သည်။ သည်လိုစနစ်တကျလုပ်တတ်ရန်အတွက် ဆုယူမည့်သူများကို တစ်ရက်ကြိုပြီး Rehearsal လုပ်ကြရသည်။

ဆုယူအပြီး စင်မြင့်ပေါ်က ဆင်းလာသော ကျွန်တော်၏ ရှေ့တူရူတွင်တော့ ပညာရေးဒုတိယဝန်ကြီးသည် အခန့်သားရပ်လျက်ရှိသည်။ ဒုတိယဝန်ကြီးသည် တစ်ခါတော့ ကျွန်တော့်ကို တခြားဆုရှင်များထက် ပိုပြီး အာရုံစူးစိုက်ကြည့်နေသလိုရှိသည်။ ကျွန်တော်ကတော့ ဒုတိယဝန်ကြီးရှေ့သို့ရောက်အောင် ခပ်မှန်မှန်ပဲလျှောက်သွားလိုက်သည်။ သူ့ရှေ့အရောက်တွင် ဆုလက်မှတ်ကိုကိုင်လျက်ပဲ ကိုယ်ကိုကိုင်းညွတ်အလေးပြုလိုက်သည်။

ဒုတိယဝန်ကြီးသည် မရယ်မပြုံးဘဲနဲ့ ခေါင်းညိတ်အသိအမှတ်ပြုလိုက်သည်။ ကျွန်တော် ကိုယ့်နေရာထိုင်ခုံရောက်လို့ ဂုဏ်ပြုလက်မှတ်ကိုကြည့်လိုက်သည်။ ဒုတိယဝန်ကြီး၏လက်မှတ်ရှည်ရှည်ကြီးမှာ ကြည့်ကောင်းလွန်းလှသည်။

ကျွန်တော် ကျေးဇူးရှင်ဒုတိယဝန်ကြီးကိုတစ်ချက်လှမ်းကြည့်လိုက်ချိန်မှာ သူသည် ကျွန်တော့်ကိုလှမ်းကြည့်နေတုန်းပါပဲ။

● ● ● ● ● ● ●

၂၀၀၆ ခုနှစ်မှာပဲ တိုက်ဆိုင်မှုလို့ပဲပြောရလေမလား။ စာပေဗိမာန်စာပေဆုပြိုင်ပွဲမှာ ကျွန်တော်ဦးဘညွန့် (ကျွန်းစဉ်မြေစောခက်) "ကုသိုလ်အရောင်ဆိုးပေးပါ" စာမူဖြင့် လူငယ်စာပေ ပထမဆုရခဲ့သည်။ အဆိုပါစာမူကို စာပေဗိမာန်ကပဲ ၂၀၀၇ ခုနှစ်တွင် စာအုပ်ထုတ်ဝေဖြန့်ချိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် "ကုသိုလ်အရောင်ဆိုးပေးပါ" စာအုပ်ကိုပဲ "အမျိုးသားစာပေဆု" (လူငယ်စာပေ) ချီးမြှင့်ခံရပြန်သည်။

"ကုသိုလ်အရောင်ဆိုးပေးပါ "စာအုပ်မှာ ပညာရေးလောက ဆရာဘဝကို အလှရသခြယ်မှုန်းထားသည့်စာ။ ပေးဆပ်မှုပေါင်းများစွာနဲ့ ရယူထားသည့် ကျောင်းဆရာဘဝကိုသမ္မတရာထူးနဲ့ မလဲနိုင်ပါဘူးလို့ ဟစ်ကြွေးထားသည့်စာ။

ကျွန်တော် ဘယ်နေးလိမ့်လေမလဲလေ။ အမျိုးသားစာပေဆုရ "ကုသိုလ်အရောင်ဆိုးပေးပါ" စာအုပ်ကို "ကမ္ဘာ့ဆရာများနေ့" တွင် စာပေဆုချီးမြှင့်ထားသည့် ကျေးဇူးရှင်ဒုတိယဝန်ကြီးဆီသို့ လိပ်မူပြီး စာတိုက်မှတစ်ဆင့် မှတ်ပုံတင်ပို့လိုက်ပါတော့သည်။

■ ■ ■ ■ ■ ■ ■

## အိပ်ပျော်နေသောကျားကြီးနိုးလာပြီ

ကျွန်တော်သည် ဘဝခယောင်းလမ်းကျဉ်းမြောင်း၍ လှည့်စောင်းပြေးနေခဲ့ရသော်လည်း အခြေအနေပေးလျှင်ပေးသလို စာဖတ်သည်၊ စာရေးသည်။ ဌာနဆိုင်ရာများကလည်း ကျောင်းတွေမှာကျောင်းစာကြည့်တိုက်တည်ထောင်ဖွင့်လှစ်ကြရန် ညွှန်ကြားသည်။ စာပေကိစ္စနှင့်ပတ်သက်လာလျှင် ကျွန်တော့်မှာ တာထွက်ရန်အသင့်ဖြစ်နေသောအပြေးသမားနှယ်ပေတည်း။ ကျွန်တော့်မှာကိုယ်ပိုင်စာအုပ်များ၊ ဆရာ၊ ဆရာမများလှူဒါန်းသော စာအုပ်များနှင့် ယခင်ဆရာကြီးလက်ထက်ကပင် စုဆောင်းထားခဲ့သောဌာနကဖြန့်ဝေသည့် စာအုပ်၊ စာစောင်များကိုရှာဖွေပြီး စုပုံလိုက်သည်။ ကျောင်းဆောင်နှစ်ဆောင်အနက် စာသင်ခန်းလွတ်အခန်းတစ်ခန်းကိုရှင်းပြီး စာကြည့်တိုက်အဖြစ်သတ်မှတ်လိုက်၏။ ရပ်ကွက်ထဲကကားနံပါတ်ရေးသည့် ပန်းချီဆရာကိုခေါ်ပြီး "မေတ္တာရိပ်ကျောင်းစာကြည့်တိုက်" ဟူ၍ ဆိုင်းဘုတ်ရေးစေ၏။ ဒေါ်သင်းသင်းကြူ (လယ်/ပြ)က စာကြည့်တိုက်အတွက် လိုအပ်သောဗီရိုတစ်လုံးလှူလိုက်ရာ ပိုပြီးသဘာဝကျပြီး စာကြည့်တိုက်မှာ တော်တော်ကြည့်ကောင်းသွားသည်။

ကျွန်တော်ကိုယ်တိုင် မြဝတီစာပေတိုက်သို့သွားပြီး ငွေတာရီမဂ္ဂဇင်း၊ တို့ကျောင်းသား၊ ရွှေသွေးစသောစာအုပ်၊ စာစောင်များကို လစဉ်ယူရန် စာရင်းပေးခဲ့သည်။ အဆိုပါစာအုပ်၊ စာစောင်များကို စာတိုက်မှတစ်ဆင့် လစဉ်ပို့ပေးသည်။ စာကြည့်တိုက်တစ်ခုတည်ထောင်လျှင် သတင်းစာဟူသည်မရှိမဖြစ်လိုအပ်သည်ဟု ကျွန်တော်ခံယူထားပြီးဖြစ်သည်။ သို့ကြောင့် မြန်မာ့အလင်း နေ့စဉ်သတင်းစာကို ကျောင်းအရောက်ကျွန်တော်မှာယူသည်။

နေ့လယ် ကျောင်းဆင်းချိန်ကို ကျောင်းသား၊ ကျောင်းသူများစာဖတ်ချိန်အဖြစ် သတ်မှတ်ထားပေရာ စာကြည့်တိုက်ခန်းတွင် ကလေးများ စာအုပ်ကိုယ်စီနှင့် စာဖတ်နေကြသည့်ပန်းကလေးများ၏ မြင်ကွင်းကကြည့်မဝ၊ ရှုမဝစရာပင်။ ဆရာမတစ်ဦးစီ နေ့အလိုက်စာကြည့်တိုက်မှူးအဖြစ် တာဝန်ပေးထားသည်။ စာကြည့်တိုက်မှူးဆရာမ၏တာဝန်မှာ ကလေးများစာအုပ်၊ စာစောင်များကို စနစ်တကျကိုင်တွယ်ဖတ်ရှုရန်၊ စကားမများကြရန်၊ မဆော့ကြရန်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရသည့်အပြင် အပြင်သို့ငှားရမ်းဖတ်ရှုလိုသောစာအုပ်များကိုလည်း စနစ်တကျအငှားစာရင်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ငှားရမ်းပေးရသည်။

အဆော့သန်သောကလေးများမှာ နေ့လယ်ကျောင်းလွှတ်ချိန်တွင် ကျောင်းဝင်းအနှံ့ပတ်ပြေးပြီးဆော့ကြသည်။ ကျောင်းနောက်ဘက်အိမ်သာနားအထိသွားပြီး ဆော့ကြသည်။ ဆော့နည်းမျိုးစုံအကုန်ဆော့ကြသည်။ ဤသို့အားလပ်ချိန်လေးမှာ စာအုပ်၊ စာပေဖတ်ရကောင်းမှန်းမသိ။ စာကြည့်တိုက်ခန်းထဲ ဝင်ရကောင်းမှန်းအာရုံမရကြ။ ဤသို့အချိန်မျိုးတွင် အဆော့သန်ကြသောကလေးများကို စာဖတ်ရကောင်းမှန်း မသိရကောင်းလားဟု ဒေါမနဿစိတ်သည် ကျွန်တော့်ရင်၌ဖြစ်၏။ ထို့ကြောင့် ပုဆိုးကိုတိုတိုပြင်ဝတ်ပြီးယခင်ဆရာကြီးလက်ထက်ကပင် ကျောင်းရုံးခန်းထဲ၌ရှိနေသော ကြိမ်လုံးကိုလှမ်းဆွဲပြီး ပြေးလွှားနေသောကလေးများကို ကျွန်တော်ခပ်မြန်မြန်လျှောက်ပြီး ခပ်နာနာလေးခြောက်လှန့်ရိုက်တော့သည်။ ဤတွင် ဆရာမတွေက-

"ဆရာကြီး မုန့်စားဆင်းချိန်လေ မုန့်စားဆင်းချိန်ဆရာကြီး"တဲ့ဗျာ။ အဓိပ္ပာယ်က နေ့လယ်မုန့်စားဆင်းချိန်သည် ကလေးများအတွက် ကိုယ်ပိုင်လွတ်လပ်ခွင့်ရသည့်အချိန် ကျောင်းဝင်းတစ်ခုလုံးသည်လည်း ကလေးများ၏ဆော့ကစားကွင်းဆိုသည့်သဘော။ ဆရာမများက ကလေးများဘက်က ရှေ့နေလိုက်ပေးကြ၏။ အရေးဆိုပေးကြပါ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးသလောက်ပိဿာ ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးသလောက်ပိဿာ ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်လဲ့လဲ့၏ပြောဆိုချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်အောက်တိုဘာလအတွင်းက ငါးသလောက်ပိဿာ ၆၇၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်မှ ၃၀ ရက်အတွင်း ငါးသလောက်ပိဿာ ၈၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက်ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ နိုဝင်ဘာလ တစ်လအတွင်း ငါးသလောက်ပိဿာ ၈၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ငါးသလောက်တွေက လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ လက်ရှိလည်း ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေတင်ပို့တဲ့ ငါးသလောက်တွေကို ဒေသဈေးကွက်အပြင် တခြားဒေသတွေကိုလည်း တင်ပို့ရောင်းချနေပါတယ်" ဟု ဒေါ်လဲ့လဲ့ကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်များကို အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းအသီးသီးသတ်မှတ်ထားကြောင်း သိရသည်။

အဆိုပါ ငါးသလောက်များ အရောင်းအဝယ်ကောင်းပြီး တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေထွက်ကုန်ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# စစ်တွေမြို့၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဦးဆောင်သောအဖွဲ့တွေ့ဆုံ




စစ်တွေ ဒီဇင်ဘာ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေနှင့် ခွန်စံလွင်တို့ ဦးဆောင်သောအဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖဲ၊ ဦးဇော်အေးမောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ရှိပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဆိုင်ရာအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင်နှင့် ဒုတိယဝန်ကြီးများသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အစီအမံများ၊ ဒေသတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများအတွက် ပေးအပ်ချီးမြှင့်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ စည်သွတ်ဘူးများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ဌာနဆိုင်ရာများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းတာဝန်များ လုပ်ဆောင်နေကြသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများသည် နိုင်ငံတော်၏ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဆောင်ရွက်မှသာ ထာဝရငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံရေးစားပွဲဝိုင်းတွင် ဆွေးနွေးမှသာ စစ်မှန်သောငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ယခင် စစ်တွေမြို့ခရီးစဉ်တွင် ပြည်သူများနှင့် တွေ့ဆုံခဲ့မှုမှ ပြည်သူများ၏တင်ပြချက်များအပေါ် နိုင်ငံတော်အကြီးအကဲထံသို့ အချိန်နှင့်တစ်ပြေးညီတင်ပြခဲ့ပြီး နိုင်ငံတော်အကြီးအကဲကလည်း ချက်ချင်းခွင့်ပြုခဲ့ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများအနေဖြင့် လိုအပ်ချက်များရှိပါက မိမိတို့ထံသို့ တင်ပြပေးကြစေလိုကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးတို့ကို အားလုံးပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဦးဆောင်သည့်အဖွဲ့သည် ကမ္ဘာ့သာသနာပြု မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(သတင်းစဉ်)

# ပို့ကုန်မှရရှိသည့် နိုင်ငံခြားငွေများကို အချိန်နှင့်တစ်ပြေးညီ ပြည်တွင်းသို့ စီးဝင်နိုင်ရေး အလေးထားဆောင်ရွက်ပေးကြရန်လိုအပ်

ရန်ကုန် ဒီဇင်ဘာ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၃၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိအမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပသည်။




အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဦးထွန်းအုံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများနှင့်ညီနောင်မိတ်ဖက်အသင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏အကျိုးစီးပွားကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လုပ်ငန်းရှင်များဘက်ကလည်း ပို့ကုန်မှရရှိသည့် နိုင်ငံခြားငွေများကို အချိန်နှင့်တစ်ပြေးညီ ပြည်တွင်းသို့ စီးဝင်နိုင်ရေး အလေးထားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၈ ရာခိုင်နှုန်းရရှိရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း၊ ရာဂိမုန်တိုင်းနှင့် နယ်မြေဒေသအခြေအနေများကြောင့် အချို့ကဏ္ဍများ၌ ထိခိုက်မှုရှိခဲ့သော်လည်း ဧပြီလမှ စက်တင်ဘာလထိ ပထမခြောက်လကုန်ဆုံးချိန်တွင် GDP တိုးတက်မှုနှုန်း ၂ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ကြောင်း၊ အသင်းချုပ်အနေဖြင့် မူဝါဒဆိုင်ရာကိစ္စရပ်များတွင် ပိုမိုကောင်းမွန်သည့် စီးပွားရေးဝန်းကျင်ဖြစ်လာစေရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးနေခြင်းက များစွာ အထောက်အကူဖြစ်စေကြောင်းပြောကြားသည်။

ထို့နောက် အသင်း၏အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က နှစ်ပတ်လည် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် ပြင်ပစာရင်းစစ် JF Group-Certified Public Accountants & Auditors ၏ စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားရှင်းလင်းပြီး မေးမြန်းအကြံပြုချက်များကို ဖြေကြားပေးကာ နှစ်ပတ်လည်အစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုခြင်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် အသင်းချုပ် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ အမျိုးသားဇာတ်ရုံအတွင်း ခင်းကျင်းပြသထားသည့် ညီနောင်အသင်းများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။

(၅၀၀)

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဒီဇင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲဧက ၉၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ၂၈၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ကုလားပဲ ဧက ၉၉၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ပွင့်ဖြူမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်နှုန်းကောင်းမွန်ရေး၊ အရည်အသွေးကောင်းသော သီးနှံများထွက်ရှိရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရရှိရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေထံမှ သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

❖ ပြည်သူလူထု၏ဆန္ဒဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေး အခြေခံကျသည့်အုတ်မြစ်မှာ တရားမျှတ၍သိက္ခာရှိသော နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်၊ ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်သဖြင့် နိုင်ငံသားအားလုံး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ် . . .

☆ ရှေ့ဖုံးမှအဆက်

ရခိုင်ပြည်နယ်သည် ရှေးရခိုင်တိုင်းရင်းသားတို့၏ ရှည်လျားသော သမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များ၊ အနုပညာလက်ရာများ ပေါကြွယ်ဝသော ပြည်နယ်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းလင်းတောက်ပသည့် ဒေသတစ်ခုဖြစ်သည်နှင့်အားလျော်စွာ **“သဇင်ပန်းခိုင်တစ်မြိုင်မြိုင် ရခိုင့်ဘုရားပေါင်း”**ဆိုသည့်အတိုင်း သမိုင်းဝင် ရှေးဟောင်းစေတီပုထိုးများစွာ တည်ရှိပြီး ယဉ်ကျေးမှုအမွေအနှစ်များပြည့်စုံသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ပထဝီဝင်အနေအထားအရ အနောက်ဘက် ကမ်းရိုးတန်းဒေသတွင်တည်ရှိကာ ဧရိယာစတုရန်းမိုင်ပေါင်း ၁၄,၂၀၀ ကျယ်ဝန်းပြီး အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက် ရှိသဖြင့် နိုင်ငံ့အတွက်အရေးပါသော ပြည်နယ်တစ်ခုဖြစ်ပါသည်။ တော၊ တောင်၊ မြစ်ချောင်းများ စိမ်းလန်းစိုပြည်သောသစ်တောများ ရှိသည့်အပြင် ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်းနှင့် ဆက်စပ်လျက်ရှိသည့်အတွက် မြေသယံဇာတများ၊ ရေသယံဇာတများ ပေါကြွယ်ဝပြီး အဖိုးတန်ထွက်ကုန်များထုတ်လုပ်နိုင်သည့် ဂုဏ်ယူဖွယ်ရာ သာယာလှပသော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတို့ခင်ဗျာ**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို နိုင်ငံအခြေအနေနှင့် လိုအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသော အရေးပေါ်ကာလဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ လက်နက်ကိုင်အကြမ်းဖက်နည်းဖြင့် မိမိတို့လိုလားချက်ကို တောင်းဆို၍မရနိုင်ဘဲ နိုင်ငံရေးစားပွဲဝိုင်းသို့ရောက်လာပြီး ငြိမ်းချမ်းစွာဖြေရှင်းသောနည်းဖြင့်သာ ပဋိပက္ခများကို ပြေလည်စေမည်ဖြစ်သည်ကိုသိရှိကြပြီး လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး လမ်းကြောင်းမှန်ပေါ်ရောက်ရှိကြရေး တိုက်တွန်းလို . . .

အနေဖြင့် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူသည့်အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အဆင့်ဆင့်ချမှတ်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင်လည်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါအတိုင်း ကဏ္ဍအလိုက် ဟန်ချက်ညီ ရှေ့ဆက်ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ကျန်နေသည့်ဒေသများကို ဆက်လက်ကောက်ယူလျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏နောက်ဆုံးအချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထု၏ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေး အခြေခံကျသည့်အုတ်မြစ်မှာ တရားမျှတ၍ သိက္ခာရှိသော နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်ပါသည်။ ထိုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် အဓိကလိုအပ်ချက်မှာ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရေးဖြစ်သဖြင့် နိုင်ငံသားအားလုံး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတို့ခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့အတွက် ငြိမ်းချမ်းသာယာဝပြောသည့်အနာဂတ်ကို ရည်မှန်းလျက် ကောင်းမွန်သည့်ပစ္စုပ္ပန်ကိုတည်ဆောက်လျက်ရှိရာ နိုင်ငံရေးရည်မှန်းချက် (၂)ရပ်နှင့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်တို့ကိုလည်း အထူးအလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လူသားတိုင်း အသက်ရှင်ရပ်တည်ရေးအတွက် စားဝတ်နေရေးမှာ အခြေခံလိုအပ်ချက်များဖြစ်သဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးရည်မှန်းချက် (၂)ရပ်အဖြစ် ချမှတ်ထားပြီး စိုက်ပျိုးရေးတွင် ဒေသနှင့်ကိုက်ညီသော ထုတ်ကုန်များ ထွက်ရှိလာစေရေး၊ နိုင်ငံသားတိုင်း အကျိုးရှိစေမည့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အရှိန်တိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သမဝါယမနှင့်စက်မှုလက်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး မတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံကို ခွင့်ပြုထားပြီး ဖြစ်ပါသည်။ ယခုအခါ အဆိုပါမတည်ငွေကို တောင်သူဦးကြီးများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ သမဝါယမအသင်းများနှင့် စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်သူများသို့ ခွဲဝေဆောင်ရွက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါသည်။

ထိုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင်မြှင့်တင်ပေးခြင်းသည် လူဦးရေအများစုဖြစ်သော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများတိုးတက်လာစေမည် ဖြစ်ပြီး နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းများ မြင့်မားလာစေမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးနေခြင်းသည် ရခိုင်ပြည်နယ်နှင့် ရခိုင်ဒေသ တိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် နိုင်ငံတော်၏စေတနာနှင့် တိုင်းရင်းသားညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို မြင်တွေ့ရမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အသိဉာဏ်ပညာပြည့်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့ဘောင်အသိုင်းအဝိုင်းထွန်းကားရေးအတွက် ပညာရေးနှင့်ပတ်သက်ပြီး KG+9 အထိ မသင်မနေရသတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်၊ ရခိုင်ပြည်နယ်အတွင်းရှိကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား/ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားရေးတို့ကို အလေးထားဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

အနာဂတ်တွင် ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုရမည့် ဗလငါးတန်နှင့်ပြည့်စုံသော အရည်အချင်းပြည့်ဝသည့်လူငယ်များ ပေါ်ထွက်လာရေးအတွက် အတတ်ပညာပြည့်ဝရေးသည် အဓိကကျသလို အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ် အယူအဆမှန်ကန်ရေးသည်လည်း မရှိမဖြစ်လိုအပ်လှပါသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အတတ်ပညာသာမက အသိပညာ ဗဟုသုတများ ရှာမှီးနိုင်ရန် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများတွင်လည်း ပူးပေါင်းပါဝင်ခြင်းဖြင့် လူငယ်ကဏ္ဍကိုမြှင့်တင်ပေးကြရန်လိုအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမ အပေါင်းတို့ခင်ဗျာ**

❖ ယနေ့အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်များကိုဖျက်ဆီးနေမည့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာဒေသနှင့် နိုင်ငံတော်၏အကျိုးအတွက် အားလုံးက အရှည်ကို မျှော်တွေးကြရန် အရေးကြီးသည့်အချိန်ဖြစ် . . .

❖ မိမိတို့အချင်းချင်း သွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏စွမ်းအားများ လျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရသော လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်မည်ကို သတိချပ်ကြရန် တိုက်တွန်းမှာကြားလို . . .

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို ဖွဲ့စည်းပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊

**စာမျက်နှာ ၇ သို့**☆

★ **စာမျက်နှာ ၆ မှအဆက်**

ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၃ ခုနှစ် မေလအတွင်းက အင်အားအလွန်ပြင်းထန်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်စဉ်ကလည်း မုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်ရက်မှာပင် ရခိုင်ပြည်နယ်သို့ ရောက်ရှိခဲ့ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ကြောင့်လည်း ရခိုင်ပြည်နယ်သည် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး မူလအခြေအနေထက် ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ယခင်ကတည်းက လမ်းပန်းဆက်သွယ်ရေးမှအစ အဘက်ဘက်၌ အခက်အခဲများစွာရှိသဖြင့် အစိုးရအဆက်ဆက် ယခုအချိန်အထိ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယခင်ကထက် အဆပေါင်းများစွာ ပြောင်းလဲတိုးတက်လျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

သို့သော်လည်း လက်ရှိကာလတွင် ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိသည်ကို အခွင့်ကောင်းယူ၍ မိမိနိုင်ငံ၏ ပထဝီနိုင်ငံရေးအရ အင်အားကြီးနိုင်ငံတချို့မှ ဩဇာလွှမ်းမိုးချုပ်ကိုင်လိုသည့်အတွက် ပြည်တွင်းမတည်မငြိမ်ဖြစ်အောင် ဖန်တီးပုံဖော်နေခြင်းကို မြင်တွေ့ရမည်ဖြစ်ပါသည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်ခဲ့သည့် MNDAA၊ TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ လုပ်ဆောင်ချက်များသည် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားအခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ပါသည်။ လက်နက်ကိုင်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူပေါင်းများစွာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါသည်။ အကြမ်းဖက်သောင်းကျန်းသူများ၏ ခေတ်အဆက်ဆက် လက်နက်ကိုင်တိုက်ခိုက်မှုများသည် နိုင်ငံရေးကိုအကြောင်းပြပြီး လွဲမှားသောအယူအဆများဖြင့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းသာဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းပြီး ပြည်ထောင်စုကြီးကို အတူတကွတည်ဆောက်ရန်ထက် တသီးတခြားရပ်တည်လိုစိတ်ကိုသာ ရှေ့တန်းတင်လာသည်ကို တွေ့ရှိရပါသည်။ လူငယ်လူရွယ်များကို မူးယစ်ဆေးဝါးဖြင့် သိမ်းသွင်းမြှူဆွယ်ပြီး စစ်ပွဲထဲ အတင်းအဓမ္မရောက်ရှိစေခဲ့ကြပါသည်။ လက်နက်ကိုင်အကြမ်းဖက်နည်းဖြင့် မိမိတို့လိုလားချက်ကို တောင်းဆို၍ မရနိုင်ဘဲ နိုင်ငံရေးစားပွဲဝိုင်းသို့ ရောက်လာပြီး ငြိမ်းချမ်းစွာဖြေရှင်းသောနည်းဖြင့်သာ ပဋိပက္ခများကို ပြေလည်စေမည်ဖြစ်သည်ကို သိရှိကြပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး လမ်းကြောင်းမှန်ပေါ် ရောက်ရှိကြရေး တိုက်တွန်းလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ ခင်ဗျာ**

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက် စည်းလုံးညီညွတ်ခဲ့ကြသည့် ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများပင် ဖြစ်ကြပါသည်။ ယနေ့အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက်မိမိတို့တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့်အရင်းအမြစ်များကို ဖျက်ဆီးနေမည့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာဒေသနှင့် နိုင်ငံတော်၏အကျိုးအတွက် အားလုံးက အရှည်ကိုမြော်တွေးကြရန် အရေးကြီးသည့်အချိန်ဖြစ်ပါသည်။ မိမိတို့အချင်းချင်း သွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏ စွမ်းအားများ လျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရသော လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်မည်ကို သတိချပ်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းကင်းဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ဆွေးနွေးမှုများကို ဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်ကြိုဆိုလျက်ရှိပါသည်။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီး၊ ဒိုင်းနက်၊ မရမာကြီး၊ မြို၊ သက် စသည့်တိုင်းရင်းသားများသည် မြန်မာ၊ ချင်း စသည့်တိုင်းရင်းသားများနှင့်အတူ ယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုတို့ပေါ်တွင် မှီတည်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်မှုများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် မှန်ကန်သည့်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာနှင့် လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် နိုင်ငံလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်သည်နှင့်အမျှ လျင်မြန်စွာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံ၍ ပြည်နယ်သူ ပြည်နယ်သားများ၏ အကျိုး၊ ပြည်နယ်၏အကျိုး၊ ပြည်ထောင်စု၏အကျိုး ထမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်းနှင့် အစဉ်ထာဝရ အေးချမ်းသာယာ ပျော်ရွှင်ချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှစ်(၅၀)ပြည့် ရွှေရတု ရခိုင်ပြည်နယ်နေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရန်ကုန်စီးပွားရေးတက္ကသိုလ် စတင်ထူထောင်ခြင်း နှစ်(၆၀)ပြည့်အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၄

ရန်ကုန်စီးပွားရေးတက္ကသိုလ် စတင်ထူထောင်ခြင်း နှစ်(၆၀)ပြည့်အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်၍ ဝမ်းမြောက်ကြောင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့အတူ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်တင်ထွေးက ဆရာကြီး၊ ဆရာမကြီးများကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နှစ်(၆၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပဆောင်ရွက်မှုကိုရှင်းလင်းကာ တက်ရောက်လာကြသည့် ဆရာကြီး၊ ဆရာမကြီးများကလည်း မြတ်ဆရာပူဇော်ပွဲအထိမ်းအမှတ်အဖြစ် ဝမ်းမြောက်ကြောင်း အမှာစကားများ ပြောကြားကြသည်။

မြတ်ဆရာပူဇော်ပွဲသို့ ဖိတ်ကြားထားသည့် ဆရာကြီး၊ ဆရာမကြီး ၂၅၆ ဦးမှ ၁၃၄ ဦးတို့သည် ကိုယ်တိုင်တက်ရောက်ကြပြီး အခြား ဆရာကြီး၊ ဆရာမကြီးများသည် အွန်လိုင်းမှ ပါဝင်တက်ရောက်ကြကာ မြတ်ဆရာပူဇော်ပွဲအခမ်းအနားအပြီးတွင် ဖိတ်ကြားထားသည့် ဆရာကြီး၊ ဆရာမကြီးများကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

ယင်းနောက် ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် တက်ရောက်နေဆဲ ကျောင်းသား၊ ကျောင်းသူများက စတုဒိသာကျွေးမွေးခြင်း၊ နိုင်ငံကျော်တေးသံရှင်များက ကျောင်းသီချင်းများဖြင့် ဖျော်ဖြေခြင်းတို့ ဆောင်ရွက်ကြရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တက်ရောက်လာသူများက ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် စတင်ထူထောင်ခြင်း နှစ်(၆၀)ပြည့်အထိမ်းအမှတ်အဖြစ် စီးပွားရေးလုပ်ငန်းရှင်များကလည်း လုပ်ငန်းအလိုက်ထုတ်ကုန်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ စသည်ဖြင့် ပြခန်းပေါင်း ၈၀ ကျော်ကို ပါဝင်ပြသပေးကြကြောင်း သိရသည်။ (၅၀၀)

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့်ဝန်ထမ်းများအတွက် ဂုဏ်ပြုညစာစားပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာလ ၁၈ ရက်မှ ၂၇ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ယခုပြပွဲသည်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် န၀မအကြိမ်မြောက်ကျင်းပသည့်ပြပွဲဖြစ်ပြီး ပုလဲအတွဲပေါင်း ၂၀၈ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲ၊ အုပ်စု(အေ) ကျောက်စိမ်းအတွဲပေါင်း ၃၃၃ တွဲ၊ အုပ်စု(ဘီ) ကျောက်စိမ်းအတွဲပေါင်း ၁၄၉၀ နှင့် အုပ်စု(စီ) ကျောက်စိမ်းအတွဲပေါင်း ၂၁၄၃ တွဲ စုစုပေါင်းကျောက်စိမ်းအတွဲ ၃၉၆၆ တွဲကို အောင်မြင်စွာရောင်းချနိုင်ခဲ့ကြောင်း၊ ပြပွဲတွင် တက်ကြွစွာတာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများနှင့် တာဝန်ရှိသူများကို အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအတွက်ဂုဏ်ပြုဆုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးသက်ခိုင်နှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်မြမြဝင်းက ဝန်ထမ်းများကိုယ်စားလက်ခံရယူပြီး အထွေထွေမန်နေဂျာ ဦးသက်ခိုင်က ဂုဏ်ပြုဆုချီးမြှင့်ခံရသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့်ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ၂၀၂၄ ခုနှစ်နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ (၅၀၀)

# မြန်မာဖိုက်တာ ဆွန်ရက်လက်ရည်အသာဖြင့်ပြိုင်ဘက်ကို အနိုင်ယူ



ရန်ကုန် ဒီဇင်ဘာ ၁၄

ONE Friday Fights 91 ပြိုင်ပွဲကို ဒီဇင်ဘာလ ၁၃ ရက်ညပိုင်းက ထိုင်းနိုင်ငံ၌ ကျင်းပရာ မြန်မာဖိုက်တာဆွန်ရက် လက်ရည်အသာဖြင့် ထိုးသတ်ကာ အမှတ်ဖြင့် အနိုင်ရခဲ့သည်။

ဆွန်ရက်နှင့်ထိုင်းဖိုက်တာ ပက်ဝီချစ်တို့ ပွဲကို Co–Main Event အဖြစ်ကျင်းပခဲ့ပြီး သုံးချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သဖြင့် အမှတ်ဖြင့်ဆုံးဖြတ်ရာ ဆွန်ရက်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆွန်ရက်သည်အမှတ်ဖြင့် ဆုံးဖြတ်မှ အနိုင်ရသော်လည်း သုံးချီစလုံး လက်ရည်အသာဖြင့် ထိုးသတ်နိုင်ခဲ့ပြီး သူ၏ ဘယ်လက်သီးများမှာ ပက်ဝီချစ်၏မျက်နှာကို များစွာထိမှန်ခဲ့ပြီး အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် အသာရခဲ့ခြင်းဖြစ်သည်။ ဆွန်ရက်သည် ONE နှင့်လက်တွဲအပြီး ကိုးပွဲမြောက် ထိုးသတ်ရာ ငါးပွဲမြောက်အနိုင်ရရှိခဲ့သည်။

**ညီမြတ်သော်တာ၊**

**ဓာတ်ပုံ–ONE Championship**

# ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၆ သိန်းကျော်တင်ပို့ထား

ရန်ကုန် ဒီဇင်ဘာ ၁၄

ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်တန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၆ သိန်းကျော်တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလကုန်အထိ ရှစ်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ ၁၆၉၇၁၆၅ ဒသမ ၈၉ တန်ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၀၃ သန်းအထိ ရရှိခဲ့သည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် ဧပြီလက အမေရိကန်ဒေါ်လာ ၅၅ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၁၁၈၆၂ တန်၊ မေလက အမေရိကန်ဒေါ်လာ ၃၆ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၇၁၂၇၉ ဒသမ ၅ တန်၊ ဇွန်လက အမေရိကန်ဒေါ်လာ ၈၄ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၆၂၃၂၅ ဒသမ ၇၅ တန်၊ ဇူလိုင်လက အမေရိကန်ဒေါ်လာ ၈၂ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၆၅၄၄၄ ဒသမ ၃ တန်၊ ဩဂုတ်လက အမေရိကန်ဒေါ်လာ ၉၇ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၂၀၇၃၆၉ ဒသမ ၉ တန်၊ စက်တင်ဘာလက အမေရိကန်ဒေါ်လာ ၁၀၄ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၂၁၉၅၆၅ ဒသမ ၁၃ တန်၊ အောက်တိုဘာလက အမေရိကန်ဒေါ်လာ ၁၈၉ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၄၂၄၇၈၄ ဒသမ ၂၇ တန်၊ နိုဝင်ဘာလက အမေရိကန်ဒေါ်လာ ၁၅၆ သန်းတန်ဖိုးရှိဆန်နှင့်ဆန်ကွဲ ၃၃၄၅၃၅ ဒသမ ၀၄ တန်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**ဝါဝါ**

# တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၈၉၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာ အစောင်နှစ်သောင်းခွဲကျော်အရောင်းအဝယ်ဖြစ်

ရန်ကုန် ဒီဇင်ဘာ ၁၄

ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်း၌ ဒီဇင်ဘာလ ဒုတိယပတ်တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်းပေါင်း ၈၉၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်နှစ်သောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် နေ့စဉ်စတော့ရှယ်ယာများ အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဒီဇင်ဘာလ ၉ရက်မှ ၁၃ ရက်အတွင်း စုစုပေါင်းငွေကျပ် ၈၉၀၈၃၇၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၆၂၈၁ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၂၁၀၁၆၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၅၁၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ငါးပုံတစ်ပုံကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၂၀၄၄၁၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၄၇၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၇၃၉၆၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၁၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် လေးပုံသုံးပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၅၂၈၉၅၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၇၅၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၇၂၄၂၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၄၁၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင် ၁၀၀၀ ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၁၀၃၁၀၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၆၁၀၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာသုံးပုံတစ်ပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၄၄၈၅၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၉၉၀ အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၁၂၉၀၁၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၁၂၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ယခုတစ်ပတ်အတွင်း စာရင်းဝင်ကုမ္ပဏီရှစ်ခုတွင် ကုမ္ပဏီလေးခုမှာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာ အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

## ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်
## ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲ

ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှု (၁၁-၁၂-၂၀၂၄ မှ ၁၄-၁၂-၂၀၂၄) ရက်နေ့ထိ

| စဉ် | ဝန်ကြီးဌာန | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | အားကစား/လူငယ် | ၇ | ၅ | ၂ | ၁၄ | |
| ၂ | ပြည်ထဲရေး | ၆ | ၇ | ၆ | ၁၉ | |
| ၃ | ကာကွယ်ရေး | ၆ | ၂ | ၅ | ၁၃ | |
| ၄ | ဆောက်လုပ်ရေး | ၃ | ၃ | ၄ | ၁၀ | |
| ၅ | ပို့ဆောင်/ဆက်သွယ် | ၂ | ၂ | | ၄ | |
| ၆ | သယံဇာတ/ပတ်ဝန်းကျင် | ၁ | ၂ | ၁ | ၄ | |
| ၇ | စီမံ/ဘဏ္ဍာ | | ၂ | | ၂ | |
| ၈ | စိုက်မွေး/ဆည် | | ၁ | ၂ | ၃ | |
| ၉ | ဟိုတယ်/ခရီး | | ၁ | | ၁ | |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၁ | သာသနာ/ယဉ်ကျေးမှု | | | ၁ | ၁ | |
| ၁၂ | သမ/ကျေးလက် | | | ၁ | ၁ | |
| ၁၃ | အလုပ်သမား | | | ၁ | ၁ | |
| ၁၄ | စီးပွား/ကူးသန်း | | | ၁ | ၁ | |
| | စုစုပေါင်း | ၂၅ | ၂၅ | ၂၅ | ၇၅ | |

## ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်
## ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲ

ရွှေ၊ ငွေ၊ ကြေး ဆုရရှိမှု (၆-၁၂-၂၀၂၄ မှ ၁၄-၁၂-၂၀၂၄) ရက်နေ့ထိ

| စဉ် | ပြည်နယ်/တိုင်း | ရွှေ | ငွေ | ကြေး | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၅၄ | ၂၅ | ၂၃ | ၁၀၂ | |
| ၂ | ရှမ်း | ၂၀ | ၂၄ | ၃၀ | ၇၄ | |
| ၃ | စစ်ကိုင်း | ၁၇ | ၁၁ | ၁၅ | ၄၃ | |
| ၄ | တနင်္သာရီ | ၁၄ | ၆ | ၁၁ | ၃၁ | |
| ၅ | ကချင် | ၁၃ | ၈ | ၁၁ | ၃၂ | |
| ၆ | မန္တလေး | ၁၂ | ၁၆ | ၂၇ | ၅၅ | |
| ၇ | ဧရာဝတီ | ၉ | ၂၀ | ၂၁ | ၅၀ | |
| ၈ | မကွေး | ၈ | ၉ | ၁၂ | ၂၉ | |
| ၉ | ပဲခူး | ၅ | ၁၈ | ၂၁ | ၄၄ | |
| ၁၀ | ကရင် | ၅ | ၆ | ၂၁ | ၃၂ | |
| ၁၁ | ရခိုင် | ၃ | ၉ | ၉ | ၂၁ | |
| ၁၂ | မွန် | ၃ | ၉ | ၇ | ၁၉ | |
| ၁၃ | နေပြည်တော် | ၃ | ၄ | ၇ | ၁၄ | |
| ၁၄ | ချင်း | ၂ | | ၆ | ၈ | |
| ၁၅ | ကယား | | ၃ | ၃ | ၆ | |
| | စုစုပေါင်း | ၁၆၈ | ၁၆၈ | ၂၂၄ | ၅၆၀ | |


သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

သမဝါယမဦးစီးဌာန နှစ်(၁၂၀)ပြည့် နှစ်ပတ်လည်နေ့

*"လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး သမဝါယမက ဆောင်ရွက်ပေး"*

(၁၈.၁၂.၂၀၂၄)

**သဖင်(FM)အသံလွှင့်အစီအစဉ်**

**၁၅-၁၂-၂၀၂၄**

**(တနင်္ဂနွေနေ့)**

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ
၂။ ၁၀:၄၀ နိပါတ်တော်လာ သိမှတ်စရာ
၃။ ၁၃:၃၀ Music Crazy
၄။ ၁၄:၅၅ Sporty Zone
၅။ ၁၈:၂၀ Relaxing Moment
၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း



🗗 **ရှေ့ဖုံးမှအဆက်**

အဖွင့်အမှာစကားပြောကြားခဲ့ပြီး ထူးကုမ္ပဏီများအုပ်စုအကြံပေး ဦးမြင့်ဆွေက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် (၁၇) ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲကို နယ်မြေခံတပ်မှ ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး၊ ထူးကုမ္ပဏီများအုပ်စုအကြံပေး ဦးမြင့်ဆွေနှင့် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တေးသံရှင်များက တေးသီချင်းများ၊ အကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ ဆက်လက်၍ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြခန်းများနှင့် ပန်းပွဲတော်အတွင်း ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အမျိုးသားကန်တော်ကြီး ဥယျာဉ် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ပန်းပွဲတော်ဖွင့်ပွဲတွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိပြီး ပွဲတော်အား ဒီဇင်ဘာလ ၁၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၆)ကြိမ်မြောက် Bagan Race 2024 အပြေးပြိုင်ပွဲကျင်းပ

ညောင်ဦး ဒီဇင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း Resoursces Venture International Publication မှ (၆) ကြိမ်မြောက် Bagan Race 2024 အပြေးပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီတွင် အာနန္ဒာဘုရားကြီးတောင်ဘက်မုခ်မှစတင်တာလွှတ်၍ ကျင်းပသည်။




Bagan Race 2024 အပြေးပြိုင်ပွဲတွင် ၃ ကီလိုမီတာတန်း၊ ၅ ကီလိုမီတာတန်းနှင့် ၁၀ ကီလိုမီတာတန်းတို့ပါဝင်ပြီး ၃ ကီလိုမီတာတန်း အပြေးပြိုင်ပွဲတွင်၂၀၅ ဦး၊ ၅ ကီလိုမီတာတန်း အပြေးပြိုင်ပွဲတွင် ၉၅၅ ဦး၊ ၁၀ ကီလိုမီတာတန်း အပြေးပြိုင်ပွဲတွင် ၂၇၀ ဦးပါဝင်ယှဉ်ပြိုင်ကြပြီး ၁၀ ကီလိုမီတာတန်းတွင် ပထမဆုရရှိသူအား ဆုငွေကျပ်ခြောက်သိန်း၊ ဒုတိယဆုရရှိသူအား ဆုငွေကျပ်ငါးသိန်း၊ တတိယဆုရရှိသူအား ဆုငွေကျပ်လေးသိန်းစီတို့ကို ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးသိန်းအောင်တို့ကလည်းကောင်း၊ ၅ ကီလိုမီတာ အပြေးပြိုင်ပွဲတွင် ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် လေးသိန်းနှင့် တတိယဆုငွေကျပ် သုံးသိန်းတို့ကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်တို့က ပေးအပ်ပြီး ၃ ကီလိုမီတာအပြေးပြိုင်ပွဲဆုရရှိသူများအား RVIPS Publication မှ တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

အဆိုပါ (၆)ကြိမ်မြောက် Bagan Race 2024 အပျော်တမ်းအပြေးပြိုင်ပွဲသို့ ပြည်တွင်း၊ ပြည်ပမှ အားကစားသမားများ ၁၄၃၀ ဦး ပါဝင်ဆင်နွှဲကြကြောင်းသိရသည်။

**ဇော်ငွေးအောင်**

**(၇၇)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ဂုဏ်ပြုကဗျာ**

## ဆင့်ကမ်းအမွေ တပ်မတော်(လေ) ဝေဟင်တစ်လွှားဝင့်ဝင့်ကြွား

* တစ်ကိုးလေးခွန် နှောင်းလလွန်တွင်
ကောင်းလှမွန်တဲ့ လမြတ်မဟာ။
ဒီဇင်ဘာ တစ်ဆယ့်ငါး
မွေးဖွားလို့လာ။
လွတ်လပ်ရေးတွက် သူအစဉ်သာ
တူယှဉ်ကာ တည်ထောင်ဖွဲ့။
ခုချိန်ခါ ခွန်ခွန်မြောက်
ထွန်းတောက်ဆောင်ခဲ့။

* နှစ်ပတ်လည် (၇၇)နှစ်မြောက်
ညွှန်းလောက်တဲ့ ဂုဏ်ဒြပ်တွေ။
လေယာဉ်/ ရဟတ်ယာဉ် စွမ်းပကား
အံ့မခန်းလောက်ပေ။
တို့ပိုင်နက် အမိမြေရေ
ထိပါးစေ ကျူးကျော်ငြား။
သွေးသက်ကို အပ်လိုနှင်း
ဖြိုခွင်းမည့်သား။

* တပ်မတော်(လေ) ဆွေဖော်တစ်သင်း
သွေးသားရင်း ညီနောင်တွေ။
ပညာမွေ လက်ဆင့်ကမ်း
ဆောင်ထမ်းမျှဝေ။
ပညာပြည့်ဝ နှလုံးလှစေ
မိမြန်ပြေ ကာကွယ်ရေး။
တိုက်ပွဲဝင် မြဲစဉ်အသင့်
ရဲရင့်နီစွေး။

* တိုက်ပွဲဝင် အဆင့်မြှင့်
ဂုဏ်ဝင့်ဖို့ လေ့ကျင့်အစဉ်။
သုံးရပ်စွမ်းရည် ရေးသုံးပါး
လေးထားပန်ဆင်။
စိတ်ဓာတ် စည်းကမ်း သစ္စာယှဉ်
ကမ္ဘာတွင် မီနိုင်ရိုးလား။
တပ်မတော်(လေ) စဉ်လာကောင်းတွေနှင့်
အရပ်ကျော်စေ မယှဉ်သာကြောင်းသာပ
ပြည်ရွာအပေါင်းတို့ သိစေချင်
ပြည့်မြေရေ ဝေဟင်တစ်လွှားမှာ
စွန့်စားကာ ရန်စွယ်အပေါင်းကိုလ
(သွေးချင်းတို့ရေ)
မောင်းထုတ်လို့တား။ ။

**ရွှေညာမြေမြတ်သင်းကြိုင်**

# မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ ပူးတွဲကော်မတီ၏ အစည်းအဝေးများတက်ရောက်ခဲ့သော ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများသည် လာအိုနိုင်ငံ၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဒီဇင်ဘာလ ၁၂ ရက်နှင့် ၁၃ ရက်တွင် ကျင်းပသည့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ ပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက်အစည်းအဝေးနှင့်အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ အဆင့်မြင့်အရာရှိကြီးအဆင့် အကြိုညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်ရန် ဒီဇင်ဘာလ ၁၁ ရက်နံနက်ပိုင်းတွင်ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အစည်းအဝေး ပထမနေ့ဖြစ်သည့် ဒီဇင်ဘာလ ၁၂ ရက်မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီ အဆင့်မြင့်အရာရှိကြီးအဆင့် အကြိုညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ပြီး မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးထားသည့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ အကောင်အထည်ဖော်မှုကိစ္စရပ်များ၊ သဘောတူစာချုပ်၏ အခြေပြစာချုပ်ငယ်-၁ (GMS CBTA Protocol 1) အရ လမ်းကြောင်းနှင့် နယ်စပ်ဝင်/ထွက်ပေါက်နေရာများ ဒုတိယအကြိမ်ထပ်မံတိုးချဲ့ရေးအတွက် နားလည်မှုစာလွှာမူကြမ်းနှင့် ဂျီအမ်အက်စ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်အရ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မှုနှင့် ၂၀၂၅ ခုနှစ်အတွက် ရည်မှန်းချက်များအပေါ် ဆွေးနွေးညှိနှိုင်းကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် အစည်းအဝေးဒုတိယနေ့ဖြစ်သည့် ၁၃ ရက်တွင် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ ပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက် အစည်းအဝေးကို မဟာမဲခေါင်ဒေသတွင်း နိုင်ငံများမှ ပို့ဆောင်ရေးဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ဆက်လက်တက်ရောက်ရာ အစည်းအဝေးတွင် အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေး ကော်မတီ အဆင့်မြင့်အရာရှိကြီးအဆင့် ညှိနှိုင်းအစည်းအဝေး (NTFC SOM) အစီရင်ခံစာ၊ ပူးတွဲကော်မတီ၏ နဝမအကြိမ်မြောက် အစည်းအဝေးပူးတွဲကြေညာချက်နှင့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ် အခြေပြစာချုပ်ငယ်-၁ (CBTA Protocol 1) ဆိုင်ရာ လမ်းကြောင်းနှင့် နယ်စပ်ဝင်/ထွက် နေရာများ ဒုတိယအကြိမ် ထပ်မံတိုးချဲ့ရေးအတွက် နားလည်မှုစာလွှာတို့ကို ဆွေးနွေးအတည်ပြုကြသည်။

မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးသဘောတူစာချုပ် (GMS CBTA) ကို ၂၀၀၃ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအားလုံးမှ ၂၀၁၅ ခုနှစ်တွင်သဘောတူစာချုပ်နှင့် ၎င်း၏ နောက်ဆက်တွဲစာချုပ်ငယ်များနှင့် အခြေပြစာချုပ်ငယ်များကို လက်ခံအတည်ပြုခဲ့ကြသည်။ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအခက်အခဲများကို ဖြေရှင်းရန် ဆက်သွယ်ချိတ်ဆက်မှု တိုးတက်မှုများမှ အကျိုးအမြတ်များဖြစ်သည့် ယှဉ်ပြိုင်မှုတိုးတက်လာခြင်းနှင့် ကုန်ကျစရိတ်လျော့ချခြင်းဖြင့် ကုန်သွယ်မှုချောမွေ့လာခြင်း၊ ကုန်သွယ်မှု၊ ခရီးသွားမှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာခြင်းနှင့် ဒေသတွင်းရှိပြည်သူများ၏ နေထိုင်မှုဘဝများတိုးတက်လာခြင်းတို့ကိုရယူရန်အတွက် အရေးပါသည့် စာချုပ်တစ်ခုဖြစ်ပြီး မဟာမဲခေါင်ဒေသခွဲ အတွင်း ပိုမိုကောင်းမွန်သော၊ ကြွယ်ဝပြည့်စုံသောအခြေအနေသို့ ရောက်ရှိရန်အတွက် စာချုပ်ကိုအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် မဟာမဲခေါင်ဒေသခွဲ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး သဘောတူစာချုပ်ဆိုင်ရာ အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရမည်ဖြစ်သည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာလ ၁၃ ရက် ညပိုင်းတွင် မြန်မာ့အမျိုးသားလေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံအစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာရပ်ဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၄

သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါပညာရပ်ဆိုင်ရာ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Hotel ၌ ကျင်းပသည်။



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ပြည်တွင်း/ပြည်ပမှ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအထူးကုဆရာဝန်များ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ အစာအိမ်၊ အူလမ်းကြောင်းနှင့်အသည်းရောဂါပညာရပ်ဆိုင်ရာညီလာခံကို "Towards better GI and Liver Health Care" ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ယခုညီလာခံ၌ မြန်မာနိုင်ငံမှ ပညာရှင်များသာမက အိန္ဒိယနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဟောင်ကောင် (တရုတ်နိုင်ငံ)၊ ဗြိတိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ ဆေးပညာရှင်များ အတွေ့အကြုံ ဗဟုသုတများ အပြန်အလှန်မျှဝေကြမည်ဟုသိရှိရ၍ မြန်မာနိုင်ငံရှိ အထွေထွေရောဂါကုဆရာဝန်များ၊ ဆေးပညာရှင်များ၊ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါ အထူးကုဆရာဝန်များအတွက် ဗဟုသုတနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာများကို လေ့လာခွင့်ရရှိကြမည်ဖြစ်သဖြင့် လူနာဗဟိုပြုဆေးကုသမှုလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဟုယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ၊ ဌာနမှူး (အစာအိမ်၊ အူလမ်းကြောင်း)၊ ပါမောက္ခဒေါက်တာသန်းသန်းအေးနှင့် ပါမောက္ခဒုတိယဗိုလ်မှူးကြီးကျော်စိုးထွန်း(ငြိမ်း)တို့က ညီလာခံကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ ပါမောက္ခဒေါက်တာသန်းသန်းအေးနှင့် ပါမောက္ခဒုတိယဗိုလ်မှူးကြီးကျော်စိုးထွန်း (ငြိမ်း)နှင့် ပါမောက္ခ F. Blaine Hollinger တို့က ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသည့် ပညာရပ်ဆိုင်ရာညီလာခံပြခန်းနှင့် ဆေးဝါးပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြရာ ပြခန်းများတွင် ပညာရပ်ဆိုင်ရာပိုစတာ ၂၇ ခုနှင့် ဆေးနှင့် ဆေးပစ္စည်းပြခန်းပေါင်း ၄၁ ခန်းတို့ ခင်းကျင်းပြသထားသည်။

အဆိုပါညီလာခံကို ဒီဇင်ဘာလ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြည်ပနိုင်ငံ ၈ နိုင်ငံမှ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါဆေးပညာရှင်များက မြန်မာနိုင်ငံမှ အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါဆေးပညာရှင်များနှင့်အတူ ဆေးပညာရပ်ဆိုင်ရာဗဟုသုတမျှဝေခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ လက်တွေ့ကုသမှု အတွေ့အကြုံများ မျှဝေခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အစာအိမ်နှင့် အူလမ်းကြောင်း ဆေးကုဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန၏ နိုင်ငံတကာအဆင့်မီ မှန်ပြောင်းကြည့်ရှုခန်းများတွင် မြန်မာနိုင်ငံမှ ဆေးပညာရှင်များနှင့် နိုင်ငံတကာမှ ညီလာခံသို့တက်ရောက်လာသော ပါမောက္ခ/အထူးကုဆရာဝန်များနှင့် ပူးပေါင်းဆောင်ရွက်သော အစာအိမ်၊ အူလမ်းကြောင်း မှန်ပြောင်းကြည့်ရှုကုသမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါကုသမှုအစီအစဉ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ အစာအိမ်၊ အူလမ်းကြောင်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန် ၁၂ ဦးက ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့မှ အစာအိမ်၊ အူလမ်းကြောင်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာ အထူးကုဆရာဝန် ၇ ဦးနှင့်အတူ လူနာ ၁၁ ဦးကိုကုသပေးနိုင်ခဲ့ပြီး SpyGlass မှန်ပြောင်းဖြင့် သည်းခြေလမ်းကြောင်းအတွင်းထိကြည့်ရှု၍ ကုသခြင်း၊ မုန့်ချိုအိတ်အတွင်း ကျောက်များကို ဖယ်ရှားခြင်း၊ အစာမျိုပြွန်ကြွက်သားရောဂါကြောင့် အစာမျိုချရခက်ခဲခြင်းရောဂါကို မှန်ပြောင်းဖြင့် ခွဲစိတ်ကုသခြင်း၊ အစာအိမ်နှင့်အူမကြီးရှိ အစောပိုင်းကင်ဆာများကိုရှာဖွေခြင်းနှင့် မှန်ပြောင်းဖြင့် ဖြတ်တောက်ကုသခြင်း၊ အထူးပုံရိပ်ဖော်မှန်ပြောင်းကိုအသုံးပြု၍ ရောဂါရှာဖွေကုသခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါကုသမှုများကို ယခင်က နိုင်ငံရပ်ခြားတွင်သာ ကုသနိုင်သော်လည်း ယခုအခါ ပြည်တွင်း၌ပင် မှန်ပြောင်းဖြင့် သက်သာပျောက်ကင်းအောင် ကုသနိုင်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

လူငယ်နှင့် နှုတ်မှုစွမ်းရည်

# ပရိသတ်ရှေ့မှာ ဟောပြောနည်း




## ကြောက်စိတ်ဖျောက်နည်းအမျိုးမျိုး

ကြောက်စိတ်ဖြေဖျောက်ရန်အတွက် အကြံပြုကြသောနည်းလမ်းများစွာရှိပါ၏။ အချို့က ကြောက်စိတ်မဖြစ်စေရန် နားထောင်နေသောပရိသတ်များကို အိုးများမှောက်ထားသည်ဟုသဘောထားပါ ချုံပုတ်များဟုသဘောထားပါ စသည်ဖြင့် သင်ကြားပေးကြသည်။ မကြောက်ရန် ကိုယ့်စိတ်ကို လှည့်စားခြင်းဖြစ်ပါသည်။ သဘာဝမကျပါ။ နားထောင်နေသူများသည် အိုးများမဟုတ်၊ ချုံပုတ်များမဟုတ်၊ လှုပ်ရှားမှုကိုတွေ့နေရသည်။ ရယ်သံစကားပြောသံများလည်း ထွက်နေသည်။ အိုးများ၊ ချုံပုတ်များကဲ့သို့ ဥပေက္ခာပြုထား၍မရ။ မလေးမစားသဘောထား၍မရ။ နားထောင်သောပရိသတ်ကို လေးစားရမည်။ ဆိုသောအချက်နှင့်လည်း ဆန့်ကျင်ပါသည်။ သဘာဝမကျသောလှည့်စားမှုဖြစ်၍ ကိုယ့်ဘာသာယုံကြည်မှုမဖြစ်သည်နှင့်အမျှ အောင်မြင်မှုရမည်လည်းမဟုတ်ပါ။

အချို့ကတော့ ပရိသတ်သည် ဘာမျှသိနားလည်ကြသူများမဟုတ်။ ငါပြောသမျှကို နားထောင်ကြရမည့်သူများသာဖြစ်သည်ဟု မှတ်ယူခိုင်းပါသည်။ ပရိသတ်ကို အထင်သေးစိတ်၊ စော်ကားစိတ်ဖြစ်၍ မကောင်းပါ။ စကားပြောသူသည် ပရိသတ်ကို လေးစားရမည်ဖြစ်ပါသည်။ စကားပြောရာတွင် ပြောသူနှင့်နားထောင်သူမှာ အဓိကမိတ်ဖက်ဖြစ်နေရပါမည်။ စကားပြောသူကို အဆုံးအဖြတ်ပြုမည့်သူမှာ ပရိသတ်ဖြစ်ပါသည်။ ထိုပရိသတ်ကို အထင်သေးခိုင်းသည်မှာ မှားသောသင်ကြားချက်ဖြစ်ပါသည်။

ပရိသတ်ကို အထင်သေးစိတ်နှင့်ပြောလျှင် စော်ကားသောစကားများ ပြောမိတတ်သည်။ ထိုအခါ ပရိသတ်ထဲမှလည်း မကျေနပ်သောတုံ့ပြန်မှုများထွက်ပေါ်လာပါမည်။ အကောင်းဆုံးမှာ ထိုသင်ကြားမှုနှင့်ဆန့်ကျင်ဘက်ကိုယူ၍ ပရိသတ်ကို လေးစားရမည်။ စေတနာထားရမည်။ မေတ္တာထားရမည်။

## လယ်တွင်းသားစောချစ်

### မေတ္တာ၊ စေတနာနှင့် အကြောက်ဖြေပါ

ပရိသတ်ကိုကြောက်နေသောစိတ်မှ လွတ်မြောက်စေရန် စင်ပေါ်မတက်မီ ပရိသတ်ကို မေတ္တာပို့ပါ။ တကယ်တည်ကြည်သောသမာဓိဖြင့် ပရိသတ်ကို အာရုံပြုပြီး ယနေ့လာရောက်နားထောင်ကြသောသူများအားလုံး ကျန်းမာကြပါစေ... ချမ်းသာကြပါစေ ...ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ...နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ...ဟူ၍ မေတ္တာပို့ပါ။

မေတ္တာသည် အလျှားအနံမရှိသော်လည်း အသွားအပြန်ရှိသည်ဟုဆို၏။ သူတစ်ပါးအပေါ် အေးမြသောမေတ္တာ စေတနာထားလျှင် မိမိထံသို့လည်း တုညီစွာ တုံ့ပြန်လာပါလိမ့်မည်။


မိမိ၏မေတ္တာပို့သမှုနှင့် စေတနာစိတ်ထားကောင်းသည်နှင့်အမျှ အေးချမ်းမှုကိုရပြီး ကြောက်စိတ်လျော့ပါးစေလိမ့်မည်။ ကောင်းကျိုးကေန်ရမည်ဖြစ်ပါသည်။

သို့သော် ပရိသတ်ရှေ့တွင် ဟောပြောရာမှာ အတွေ့အကြုံနည်းသေးသည်နှင့်အမျှ ကြောက်စိတ်များရှိနေပါဦးမည်။ အတွေ့အကြုံများလာသည်နှင့်အမျှ ကြောက်စိတ်နည်းပါးလာပါလိမ့်မည်။

**ဆရာကြီး၏ ခွင့်ပြုချက်ဖြင့် "ပရိသတ်ရှေ့မှာ ဟောပြောနည်း" စာအုပ်မှ ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။**

ရသစုံစာစု

# အစုတ်ပေးလို့ အပုပ်ရသည်



**ရန်ကုန်**မြို့က ဘုရင့်နောင်ပွဲရုံတန်းကိုဒေသထွက်သီးနှံတွေ ရောင်းချဖို့ ဘကြီးအောင် ရထားနဲ့ ခရီးထွက်ခဲ့တယ်။ အဖော်သဟဲအဖြစ် ကျောင်းပိတ်ရက်ရထားတဲ့ တူတော်မောင် မျိုးအောင်လည်း ပါသပေါ့။ မျိုးအောင်က ရှစ်တန်းကျောင်းသားလေး။ သွက်သွက်လက်လက် ချက်ချက်ချာချာနဲ့မို့ ဘကြီးအောင် အင်မတန်အားကိုးရတယ်။

မန္တလေးဘက်ကနေ ရန်ကုန်ဘက်ကိုခုတ်မောင်းလာတဲ့ အမှတ်(၁၂) အစုန်ရထားကြီးက ဘကြီးအောင်တို့ စောင့်ဆိုင်းနေတဲ့ ဘူတာလေးကို အလောတကြီး ဆိုက်ကပ်လာတယ်။ ဘကြီးအောင်လည်း မျိုးအောင်လက်ကိုဆွဲပြီး ရထားပေါ်ကို အပြေးတစ်ပိုင်းတက်ခဲ့ရတယ်။ မတက်လို့လည်း မရဘူးလေ။ ဒီလိုကြားဘူတာငယ်လေးတွေမှာ ရထားရပ်ချိန်က ဒေါင်းတစ်တွန် စွန်တစ်ဝဲမျှ အချိန်ကလေး။ ချက်ချင်းဆိုသလိုပဲ ရထားကြီးက ဥသြသံရှည်ဆွဲပြီး ထွက်ဖို့အသင့်ဖြစ်နေပြီလေ။

ဘကြီးအောင်တို့ တူဝရီးလည်း ထိုင်ခုံလက်မှတ်နေရာတွေ့ပြီမို့ ခပ်မြန်မြန်ပဲ ဝင်ထိုင်လိုက်ကြတယ်။ ရထားစီးချိန်အတော်လေးကြာလာတော့ မျိုးအောင်တစ်ယောက် ဝမ်းမီးကောင်းတဲ့ လူငယ်လေးပီပီ ဗိုက်ဆာလာပါပြီ။

"ဘကြီး၊ သား ဗိုက်ဆာတယ်"

"အေး..အေး၊ ဘကြီး ထမင်းဖိုးပေးမယ်၊ ဝယ်စားလိုက်နော်"

ဘကြီးအောင်က ကုန်စည်ဒိုင်မှာ သွင်းရမယ့် သီးနှံအရေအတွက်နဲ့ အမျိုးအစားတွေ၊ ဈေးနှုန်းတွေကို စာရင်းချနေရတာမို့ အလုပ်ရှုပ်နေတယ်။ အခုလို ခရီးလေးဘာလေးထွက်တုန်း တူတော်မောင်ကို ဖြစ်လေ့ဖြစ်ထရှိတဲ့ လောကနိယာမသဘောလေးတွေကိုလည်း လက်တွေ့ပြသချင်စိတ်ဖြစ်မိတယ်။ ဒါနဲ့ပဲ ဘကြီးအောင်တစ်ယောက် မျိုးအောင်ကို ၅၀၀ တန် ပိုက်ဆံအစုတ်လေးတစ်ရွက်ကို ထုတ်ပေးလိုက်တယ်။ မျိုးအောင်ကတော့ ဗိုက်ဆာဆာရှိတာနဲ့ ရှေ့ဘူတာရောက်ရင် ဝယ်စားလိုက်မဟဲ့ပေါ့။ တပြုံးပြုံးနဲ့ ကျေနပ်လို့။

သာစည်ဘူတာကို ရောက်ပါပြီ။ မျိုးအောင်လည်း ထမင်းလာရောင်းမယ့်သူကို ဟိုဟိုသည်သည် ရှာကြည့်မိတယ်။ ဗိုက်ကလည်း အတော်ကို ဆာလောင်မွတ်သိပ်နေပြီ။

"ထမင်းပူပူလေး၊ တစ်ဘူးမှ ၅၀၀၊ အသားဟင်းလည်း ပါတယ်နော်"

ဦးလေးကြီးတစ်ယောက်၊ ဖော့ဘူးလေးတွေကို လက်ထဲမှာ တွဲလောင်းဆွဲလို့။

"ဦးလေး သားကို တစ်ဘူးပေးပါ"

"အေး..အေး၊ ရော့ ငါ့တူ"

ဦးလေးကြီးက ထမင်းဘူးကို ကမ်းပေးရင်း မျိုးအောင်ဆီက ပိုက်ဆံကို ကျန်လက်တစ်ဖက်နဲ့ လှမ်းယူလိုက်တယ်။ ဒါပေမဲ့ ဦးလေးကြီးက မျိုးအောင်လက်ထဲက ပိုက်ဆံကို ကြည့်ပြီး သူ့ထမင်းဘူးကို ချက်ချင်းပဲ ပြန်ယူသွားတယ်။ မျိုးအောင်သူ့လက်ထဲက ပိုက်ဆံကို သေသေချာချာ ဖြန့်ကြည့်လိုက်တယ်။ ထမင်းသည်ဦးလေးကြီး မယူတာလည်း မပြောနဲ့။ သူ့ပိုက်ဆံက စုတ်နေသည်ကိုး။

စာရင်းတွေနဲ့ အလုပ်ရှုပ်နေတဲ့ ဘကြီးကိုလည်း ထပ်မတောင်းရဲဘူး။ မျိုးအောင် အကြံတစ်ခုရသွားတယ်။ ရှေ့ဘူတာရောက်ရင် ရထားထွက်ခါနီးမှ ဝယ်လိုက်မယ်လို့ သူတွေးမိသွားတယ်။ ဒါဆိုရင် ပိုက်ဆံပြန်လဲခိုင်းဖို့ အချိန်မရတော့ဘူးပေါ့။

တပ်ကုန်းဘူတာကို ရထားဆိုက်ကပ်လာတယ်။ ထမင်းသည်တွေ လာရောင်းကြတယ်။ မျိုးအောင်လည်း သူ့အကြံနဲ့သူမို့ မဝယ်သေးဘူး။ ဥသြဆွဲသံကြားလို့ ရထားဘီးစလှိမ့်ပြီဆိုမှ

"ဦးလေး...ဦးလေး ထမင်းတစ်ဘူးပေးပါ" ဆိုပြီး သုတ်သုတ်ပျာပျာ လှမ်းမှာလိုက်တယ်။ ထမင်းရောင်းတဲ့ ဦးလေးကြီးကလည်း ထမင်းဘူးကို ရထားပေါ် မြန်မြန်ပစ်တင်ပေးရင်း "ငါ့တူရေ ပိုက်ဆံကို ပစ်ချခဲ့လိုက်" လို့ ခပ်ကျယ်ကျယ် အော်ပြောနေတယ်။

မျိုးအောင် သူ့ပိုက်ဆံအစုတ်လေးကို ဝမ်းသာအားရ ပစ်ချလိုက်တယ်။ ပိုက်ဆံအစုတ် တစ်ရွက်နဲ့ ထမင်းတစ်ဘူးရလိုက်လို့ မျိုးအောင်ပျော်သွားတယ်။ သူ့လိုပဲ ထမင်းဘူးရောင်းတဲ့ ဦးလေးကြီးကလည်း ပျော်နေတယ်ဆိုတာ မျိုးအောင် မသိလိုက်ဘူး။

မနေ့ကရောင်းလို့မကုန်တဲ့ ထမင်းအသိုးတစ်ဘူးကို ၅၀၀ နဲ့ ရောင်းလိုက်ရလို့ ကျေနပ်နေတဲ့ ဦးလေးကြီးဟာ ပိုက်ဆံခေါက်လေးကို ဖြန့်လိုက်တယ်ဆိုရင်ပဲ "ဟာခနဲ" ဖြစ်သွားတယ်။ ၅၀၀ တန်ပိုက်ဆံအစုတ်နဲ့ ထမင်းတစ်ဘူးဝယ်လိုက်နိုင်တယ်ဆိုပြီး ကျေနပ်နေတဲ့ မျိုးအောင်လည်း ထမင်းဘူးကို ဖွင့်လိုက်တယ်ဆိုရင်ပဲ သိုးနံ့တွေက ထောင်းခနဲပျံ့လွင့်လာလို့ နှာခေါင်းကိုရှုံ့ရင်း "ဟင်ခနဲ" ဖြစ်သွားရတယ်။

ဘကြီးအောင် စာရင်းတွေလုပ်နေရင်းက တူတော်မောင်မျိုးအောင်ကို အကဲခတ်နေမိတယ်။ အခုလောက်ဆိုရင် လောကနိယာမတစ်ခုကို လက်တွေ့ကျကျ သဘောပေါက်နားလည်နေလောက်ပြီ ထင်ပါရဲ့။ တစ်ပါးသူအပေါ် စိတ်ကောင်းရှိသူ၊ စေတနာထားသူ၊ မေတ္တာကရုဏာကြီးမားသူတို့အတွက် ကံကောင်းခြင်း၊ ချစ်သူခင်သူပေါများခြင်း စတဲ့အခြေအနေကောင်းတွေနဲ့ ကြုံတွေ့ရသလို တစ်ပါးသူအပေါ် စိတ်ကောင်းနှလုံးကောင်း လျော့ပါးအားနည်းသူ၊ မနာလိုမရှုဆိတ်သူတို့မှာ ကံဆိုးခြင်း၊ မိတ်ဆွေကောင်းမရရှိခြင်း စတဲ့ အခြေအနေဆိုးများနဲ့ ကြုံတွေ့ရတတ်တာ လောကတံထွာ ဓမ္မတာတစ်ရပ်ပါပဲ။

ဘကြီးအောင်က မျိုးအောင်ပခုံးကို လက်နှစ်ဖက်နဲ့ အသာအယာဖျစ်ညှစ်လိုက်ရင်း

"ငါ့တူရေ အစုတ်ပေးလို့ အပုပ်ရတယ်လို့သာ မှတ်ပေတော့။ ဟောဒီမှာ ဘကြီးအောင် ထမင်းချိုင့်ထည့်ခဲ့ပါတယ်ဗျာ။ ငါ့တူကြီး မြိန်မြိန်ယှက်ယှက် စားပေရော့"

သည်တော့မှ မျိုးအောင်တစ်ယောက် ဘဝပေးသင်ခန်းစာတစ်ရပ်ကို ကျေကျေနပ်နပ် နားလည်သဘောပေါက်သွားပုံမျိုးနဲ့ ကြည်ကြည်လင်လင်ပြုံးလာနိုင်ပါတော့တယ်။

မျိုးကေရီ

## ရယ်စေပြုံးစေ

### အကောင်းဆုံးနည်းလမ်း

| | | |
|---|---|---|
| သူဌေး | ။ ။ | မောင်ရင်က ဦးသမီးကို လက်ထပ်ချင်တာတော့ ဟုတ်ပါပြီ။ ဦးသမီးကို ဦးထားသလိုရော ပြည့်ပြည့်စုံစုံထားနိုင်ပါ့မလား။ |
| လူငယ် | ။ ။ | ဟုတ်ကဲ့၊ ကျွန်တော်လည်း ဒါကိုပဲ စိုးရိမ်နေတာပါခင်ဗျာ။ |
| သူဌေး | ။ ။ | ဒါဖြင့် ဘယ်လိုလုပ်မယ် စိတ်ကူးထားသလဲ။ |
| လူငယ် | ။ ။ | လက်ထပ်ပြီးတာနဲ့ ဦးတို့အိမ်ကို ကျွန်တော်ပြောင်းလာနေတာ အကောင်းဆုံးဖြစ်မယ် ထင်တာပါပဲခင်ဗျာ။ |

(၇၇)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆောင်းပါး

# တပ်တော်ဝင် အညွန့်အဖူး… ပွင့်ဦးက စစ်စွမ်းရည်

မောင်လတ်(ကမ်းရိုးတန်း)

တပ်မတော်(လေ)သည် မြန်မာ့လွတ်လပ်ရေး၏ မီးရှူးတန်ဆောင် သို့မဟုတ် "ရှေ့ဦးတံခွန်" ဖြစ်ခဲ့သည်ဟု ပြောရပေလိမ့်မည်။ ယုတ်စွအဆုံး လွတ်လပ်ရေးပန်းတံတား၏ တံခါးအဖွင့်ဟုဆိုနိုင်ပါ၏၊ ဆိုပါ၏။ တိတိကျကျပြောရလျှင် လွတ်လပ်ရေးမရမီ ရက် ၂၀ အလို၊ ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ ကာကွယ်ရေးဌာနကောင်စီ အမိန့်အမှတ်(၄၀၉)ဖြင့် မြန်မာ့မြေဝယ် တပ်မတော်(လေ) မွေးဖွားသန္ဓေစင်ခဲ့ပါသည်။ နေရာ မင်္ဂလာဒုံ ဘူမိနက်သန်မြေဖြစ်၏။ အမြော်အမြင်ရှိသည့် နိုင်ငံ့ခေါင်းဆောင်များ ကျေးဇူးကား ကြီးမားလှပေစွ၊ လက်ရုံးတပ် "သရဖူ" လွှင့်ထူနိုင်ခဲ့ခြင်းပင်။ ယနေ့ဆိုလျှင် (၇၇)နှစ်တိုင်ခဲ့လေပြီ။ အတွေ့အကြုံအရပင် ရတုများစွာ သစ်ထွန်း "သံမဏိမော်ကွန်း" ထုလောက်ပါ၏။

ထိုစဉ်က ဗြိတိသျှစစ်လက်ကျန် တိုက်ဂါးမော့သ်၊ တွင်အော်တာ အစရှိသည့် လေယာဉ်အနည်းငယ်ဖြင့် ခရီးအစ၊ မလှမပ… ချီတက်ခဲ့ရလင့်ကစား ဇာတိမာန်စိတ်ဓာတ် အခြေခံခဲ့သည်။ မျိုးဆက်သစ်ဖူးပွင့်…ကူးဆင့်လက်ကမ်းလှမ်းတက်နိုင်ခဲ့သည်။ ရွှံ့ကြောက်မဲ့တွန်၊ နိုင်ငံ့ဝန်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့သည်။ စစ်ခရီးကြမ်းတွင်ရှိသည့် လက်နက်စွဲကိုင်ခြင်းအပြင်စွန့်ဦးတီထွင်လက်လုပ်ဗုံးများဖြင့် လေယာဉ်ပေါ်မှ လေယာဉ်မှူးကိုယ်တိုင် စနက်တံဖြုတ်ကြဲချခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခဖြစ်စဉ်များပင်ရှိခဲ့ပါ၏၊ အသက်များစွာ ရင်းခဲ့ရပါသည်။ မီးနာမှသံကောင်း၊ သံကောင်းမှ ဓားထက်ဆိုသည့်စကားအတိုင်း ယနေ့တပ်မတော်(လေ)သည် ထုသားပေသားကျသည့် ကျစ်လျစ်သန်မာသော ခွန်အားနှင့်စွမ်းရည် ပိုင်ဆိုင်ခဲ့လေပြီ။

တပ်မတော်(လေ)၏ အဓိကအားလက်ရုံးသည် "သိပ္ပံနှင့်နည်းပညာ" ပြီးတော့ "ပျံသန်းရေး" ဖြစ်၏။ ယင်းပျံသန်းရေး၏ အရင်းအမြစ်ကား ကျွမ်းကျင်မှုအတတ်ပညာပိုင်း၊ စက်မှုကဏ္ဍ နည်းနာနိဿယ၊ အသိပညာရပ်သီအိုရီများအပြင်လေယာဉ်၊ ရဟတ်ယာဉ်များ နိုင်ငံတကာအဆင့်မီ တည်ဆောက်၊ ဖန်တီး၊ တီထွင်၊ ပြုပြင်၊ ဆောင်ရွက် စသည်ဖြင့် နယ်ပယ်ကျယ်ဝန်းလာစေသည်။ ဤကမ္ဘာမြေ ကျယ်ပြောလေသမျှ "အသိ၊ အတတ်" ပညာရပ်များ၏ ဆန့်ထွက်မှုနှင့် ဖြန့်ကြက်မှုအသစ်၊ အသစ်အသစ်ဖြစ်တည်လာမြဲ၊ သမိုင်းခေတ်ရေအလျဉ်ကတော့ဖြင့်စီးဆင်းမြဲ၊ လိုက်ပါစီးမျောခွင့်အတွက် အရည်အသွေးပြည့်မီရန် လိုအပ်မြဲ စသည်ဖြင့် အဖွဲ့အစည်းဆိုင်ရာ ခွန်အား၊ စွမ်းရည်တို့မှာ တစ်ရံမလပ် လေ့ကျင့်ရှင်သန်ရပ်တည်နေရပေလိမ့်မည်။

တကယ်တော့ နိုင်ငံတော်ကာကွယ်ရေး သမိုင်းတွင် "တံတိုင်း" အဖြစ်သိုင်းဝိုင်းရပ်တည်နေသည်မှာ (ကြည်း၊ ရေ၊ လေ)ဆိုင်ရာ တပ်မတော်အဖွဲ့အစည်းပင်ဖြစ်ပါ၏။

တပ်မတော်(လေ)သည် စစ်လက်ရုံးအဖြစ် နိုင်ငံတော်၏ ဝေဟင်ပိုင်နက်စိုးမိုးရေးနှင့် လေကြောင်းစွမ်းရည် မြင့်မားရေးကို တာဝန်ယူရပေမည်၊ တာဝန်ခံရပေလိမ့်မည်။ သွင်ပြင်လက္ခဏာအရဖြစ်စေ၊ ပုံသဏ္ဌာန်အရဖြစ်စေ တပ်မတော်(လေ)သည် သမားရိုးကျ၊ သာမန်အနေအထား ဖွဲ့စည်းပုံမျိုး မဟုတ်ပေ၊ တီထွင်ဆန်းသစ်စေမည့် ပညာရပ်ဆိုင်ရာ ခေတ်သိပ္ပံလမ်းကြောင်းပေါ်တွင်ရပ်တည်နေ၏။ ခေတ်ဆန်းပွင့်ဆက် မြင့်တက်လေသမျှ သိပ္ပံနှင့်နည်းပညာရပ်တို့ ပွတ်တိုက်မှုများ ဆင့်ကာဆင့်ကာ ဖြစ်လာကြပေလိမ့်မည်။ ရုပ်ဝတ္ထုပစ္စည်းတို့၏ ခေတ်ကိုဆန်တက် တီထွင်ချက်အဝန်းအဝိုင်းကလည်း ကျယ်ပြန့်လာကြောင်း တွေ့ရပေလိမ့်မည်၊ ခေတ်ကို မျက်ခြည်မပြတ် စောင့်ကြည့်ရင်း လေယာဉ်၊ ရဟတ်ယာဉ်များ၏ သက်ရောက်မှုနည်းစနစ်များ၊ ပုံသဏ္ဌာန်ပိုင်းအရပါ မြင့်မြဲဆင့်ကဲမှုများဖြင့် စိန်ခေါ်မှုများ ဖြစ်လာနေပြီဖြစ်၏။ သမိုင်းအကွေ့တစ်ခုတွင် "အရှေ့"သည် အလှည့်အပြောင်းအသွင်မှ (Standard Air Force) အဆင့်သို့ ရောက်လာပေလိမ့်မည်။ ဤကား သစ္စာဖြင့်တည်သောစကားပင်။ ဤသည်မှာ အိပ်မက်မဟုတ် ယုံကြည်မှုပင်ဖြစ်၏။ ဆိုလိုသည်မှာ ရည်မှန်းချက်သည် ယုံကြည်ချက်ကို အကောင်အထည်ဖော်တည်ဆောက်ဖြစ်တည်လာခြင်း မဟုတ်ပါလား။

ယနေ့ခေတ်တွင် နိုင်ငံတော်၏အစီအမံ အပင့်အတွန်း လမ်းညွှန်ဆောင်ရွက်မှုကလည်း အားကောင်းလှပေသည်။ စစ်လက်နက်ပစ္စည်း အသစ်အသစ်ပံ့ပိုးမှုဖြင့် "တပ်တော်ဝင်ကဏ္ဍ" အဖြစ်မင်္ဂလာရှိသော နေ့ရက်ထိတွေ့မှုများ ခပ်စိပ်စိပ် ရှိလာနေပြီဖြစ်၏။ ဆန်းသစ်သော စစ်လက်နက်ပစ္စည်းများကြောင့်ရင်ခုန်စရာမြင်ကွင်းအဖြစ် အတွေးဝင်လာစေသည်။ လေကြောင်းစွမ်းရည်သည်အမြင့်မားဆုံးသောစွမ်းရည်ဖြစ်သည်ကို မျက်ဝါးထင်ထင် မြင်လာစေနိုင်သည်။ တကယ်တော့ တပ်တော်ဝင်ဆိုသည်မှာ အသစ်အသစ်သော လေယာဉ်၊ ရဟတ်ယာဉ်များ မှတ်တမ်းတင် တာဝန်သတ်မှတ်ခြင်း၊ တာဝန်ပေးအပ်ခြင်းနှင့် တာဝန်ထမ်းဆောင်စေခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

စင်စစ် တပ်တော်ဝင်ဟူသည် သမိုင်းသစ်စာမျက်နှာဝယ် အလိုအပ်ဆုံးသော တာဝန်တစ်ရပ်ကို ဆောင်ရွက်ခြင်း၊ ထမ်းဆောင်ခြင်းပင်ဖြစ်၏။ ကြည့်လေ… နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် ယင်းနိုင်ငံ၏ ကာကွယ်ရေး၌ မူတည်နေခြင်းဖြစ်သည်။ ကာကွယ်ရေးခိုင်မာတောင့်တင်းပါမှ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားလာမည်။ ဒေသတွင်းဖြစ်စေ၊ ဒေသပြင်ပ နိုင်ငံတကာကပင်ဖြစ်စေ ယုံကြည်လေးစား လာပေလိမ့်မည်။ စော်ကားမော်ကား ရန်မပြုဝံ့တော့၊ အဘက်ဘက်မှ ဖွံ့ဖြိုးအောင် ဆောင်ရွက်လာနိုင်ပေလိမ့်မည်။ တပ်တော်ဝင်သည် ပန်းအညွန့်အဦးဖြစ်သည်ဆိုလျှင် အဖူးအပွင့်မှာ စွမ်းရည်သတ္တိ ဖြစ်လာမည်ဟု ယုံကြည်ပါ၏။ စင်စစ်စွမ်းရည် ဖွံ့ဖြိုးစေတန်ရာသော မျိုးစေ့ကြဲချခြင်း သို့မဟုတ် အနာဂတ်လမ်းဆင့် တန်းမြင့်မီရေး လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်၏။ မော်ကွန်းသစ်ရေးထိုးလိုက်ခြင်းပင်။

ကျွန်တော့်ရင်ထဲတွင် ခံစားမှုကဗျာလေးတစ်ပုဒ်ရှိနေသည်။ တပ်တော်ဝင်ဟူသည့် ဘာသာဗေဒ စကားလုံးအသုံးအနှုန်းအပေါ် မြင်သာသည့်အမြင်ပင်။ အနှစ်သာရ လေးနက်မှု ဂုဏ်သတင်းနှင့် ထုံသင်းနေပါလိမ့်မည်။ တော်ဝင်ခြင်းဟူသော "ပညတ်" နှင့် "ဓာတ်သက်" ရောယှက်ကာ အထွတ်အမြတ် ဂုဏ်မြှင့်ခြင်းဟု အဓိပ္ပာယ်သက်ရောက်ပေလိမ့်မည်။

**"လမ်းဖွင့် မြှင့်တင် တပ်တော်ဝင်"**

❖ မြတ်ဖော်အသွင်
တပ်တော်ဝင်…တည်ရစ်ပေတော့
ပြည်သစ်ဝေ အခွင့်အလမ်းတွေနဲ့
ပွင့်လန်းနေ ဂုဏ်ရည်လင်းအောင်ပဲ့
ဖြည့်တင်း… အစီအမံရယ်က
ရည်သန်မြင့်မား
တပ်မတော်လျှင်…
ထပ်မြော်မြင်…အနာဂတ်ချီလို့
ကမ္ဘာဖြတ်မည် စစ်ရည်စွမ်းတွေနဲ့
ခေတ်မီထွန်းစေ…မြန်ဗမ္မာအတွက်ကိုဖြင့်
ခံယူချက်…သန္နိဋ္ဌာန်
မှန်ကန်ထင်ရှား
တပ်မတော်(လေ) မူတည်
ဖြတ်ကျော်နေ သမိုင်းသစ်
ဖွင့်လှစ်ရမည်
လေကြောင်းဖွဲ့ စွမ်းရည်
မြင့်မီအောင်ဖြည့်တင်း
လေယာဉ်…ရဟတ်ယာဉ်တို့
တပ်တော်ဝင်စစ်အားမောင်းတွေနဲ့
ဆင့်လောင်းခင်းကျင်း။ ။

တပ်မတော်(လေ)၏ စစ်အားမောင်းသည် လေယာဉ်၊ ရဟတ်ယာဉ်ဆိုင်ရာ လေကြောင်း စစ်ဗျူဟာ အခင်းအကျင်းပင်ဖြစ်သည်။ စစ်လက်နက်ပစ္စည်းပိုင်းကို ကြည့်လျှင် ခေတ်မီခြင်း၊ ဆန်းသစ်ခြင်း၊ စွမ်းရည်ထက်မြက်ခြင်းတို့မှာ လိုအပ်ပေသည်၊ လေကြောင်းစွမ်းရည်သည် စစ်ပွဲတစ်ပွဲ၏ရေချိန်ကို ထိန်းချုပ်နိုင်စွမ်းရှိကြောင်း နိုင်ငံတကာဖြစ်စဉ်များတွင် တွေ့ရပေလိမ့်မည်။ စင်စစ်လေကြောင်းစွမ်းရည်သည် စစ်ပွဲတစ်ပွဲ၏ဝင်ရိုးဖြစ်၏။ စစ်ပွဲချိန်ခွင်လျှာ အလှည့်အပြောင်းကို ဖန်တီးနိုင်စွမ်းသော အရည်အသွေးနှင့် ပြည့်မီနေကြောင်းလည်း တွေ့ရပေလိမ့်မည်၊ ခေတ်အထာ ဖွင့်သုံးလျှင်ဖြင့် စစ်မဟာအမြင့်ဆုံးဟု ဆိုလောက်ပေ၏၊ ဆိုနိုင်ပါ၏။

တပ်မတော်(လေ) ဖြတ်သန်းလာခဲ့သည့် စစ်သမိုင်းခရီးကား ကြမ်းတမ်းလှပေသည်၊ ဖွဲ့စည်းထွက်ပေါ်စ သက်တမ်းကာလလပိုင်းမျှဖြစ်သည့် လွတ်လပ်ရေးပန်းကလည်း ဖူးပွင့်စ နုနုနယ်နယ်အရှိန်ယူဆဲတွင် စစ်မှန်တိုင်းကြမ်းနှင့် ရင်ဆိုင်ခဲ့ရ၏။ နိုင်ငံရေးပါတီများ၏ ဝါဒရေးရာ အကွဲအပြဲ ဒီမိုကရေစီ အခင်းအပြန့် ကမလုံမလဲ၊ တိုင်းရင်းသားလူမျိုးများ၏ မတူညီသည့် သဘောထားခံယူချက် စသည့်မျှညီသည့် အယူအဆများနှင့် လက်နက်စွဲကိုင်သည်ထိ ဖြစ်လာခဲ့လေပြီ၊ ၁၉၄၈ ခုနှစ် မတ်လ၊ ဇူလိုင်လ၊ ဩဂုတ်လတို့တွင် တိုင်းရင်းသားများ တောခိုသည်၊ မတ်လ ၂၉ ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ) တောခိုပြန်သည်။ ရောင်စုံသောင်းကျန်းသူများဖြင့် ဝိုင်းလည်နေသည့်ပြည်ထောင်စုအရေးကား ကြီးမားလာခဲ့သည်၊ လက်နက်ကိုင်ပဋိပက္ခမီးလောင်ကျွမ်းခဲ့ပြီပေါ့၊ "ရန်ကုန်အစိုးရ"ဟု ခေါ်တွင်လောက်သည် ဖြစ်လာရတော့၏။ သည်ကာလတွင် မွေ့ပူရာကင်းမှောင့် ဖြစ်လာသည်က ပြည်ပကျူးကျော်မှုဖြစ်၏။ ၁၉၄၉ ခုနှစ်မှစတင်ကာ ရှမ်းအရှေ့ဒေသများကို ကျူးကျော်လာသည့် ကူမင်တန်တရုတ်ဖြူများသည် ၁၉၅၀ ပြည့်နှစ်တွင် အင်အားကြီးမားလာခဲ့သည်၊ တပ်မတော်(လေ)သည် တပ်မတော်(ကြည်း)နှင့်အတူတွဲကာ လူအင်အား၊ လက်နက်အင်အား အနည်းငယ်နှင့် ရင်ဆိုင်ခဲ့ရသည်။

ခေတ်သမိုင်းကို သုံးသပ်ကြည့်လျှင် တပ်မတော်(လေ)၏ မြင့်မြတ်သော ဥပမိကို တွေ့လာရပေမည်။ နိုင်ငံရေးအယူအဆ၊ ဝါဒမှိုင်း ရောင်ခြယ် အတွန်းအတိုက်များကြောင့် ကြီးထွားလာသည့် လက်နက်ကိုင်ပဋိပက္ခ၊ နယ်ချဲ့ဝါဒအခြေခံနယ်မြေကျူးကျော်လာသည့် ကူမင်တန်ကျူးကျော်စစ်၊ ဤစစ်ပွဲကြီးနှစ်ခုသည် မြန်မာနိုင်ငံတွင် ဆုံမှတ်ဖြစ်လာခဲ့သည်။ နိုင်ငံရေးအရ အတင်းမာဆုံးသော ကာလများဖြစ်ခဲ့ပါ၏။ တပ်မတော်(လေ)သည် စစ်လက်ရုံးပီပီ၊ တပ်မတော်(ကြည်း)နှင့်တွဲကာ တိုက်ပွဲဝင်ရင်း အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ချေမှုန်းခဲ့ရသည်။ စစ်ပွဲ၊ ယမ်းငွေ့၊ ကျည်ဆန်၊ ဗုံးဒဏ်များကြားမှ စွန့်လွှတ်စွန့်စားရပ်တည်လာခဲ့သည့် တပ်မတော်(လေ)ရုပ်ပုံလွှာသည် သမိုင်းပုံရိပ်၊ စစ်ပုံရိပ်အပြင် ခေတ်ပုံရိပ်အတွင်းမှာပင် ထင်ဟပ်လာမှုဖြင့် ကြီးမားသော ထုထည်ကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်ဆဲဖြစ်ခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခလောင်းရိပ်ကို ဖောက်ထွက်ရာတွင်လည်း စစ်ဆင်ရေးများစွာ၊ စစ်ပွဲကြီးငယ်များစွာကို ရေရှည်စစ်ပွဲအသွင် အကြိမ်ကြိမ်ဆင်နွှဲခဲ့ရသည်။ တစ်ဖက်မှာလည်း လိုအပ်သည့်လေယာဉ်၊ ရဟတ်ယာဉ်များအား ဖြည့်တင်းဝယ်ယူအသုံးပြုခဲ့ရခြင်းများရှိခဲ့ပါ၏။ အောင်သီဟစစ်ဆင်ရေး၊ ဟိုက်ကမ်းပါးတိုက်ပွဲ၊ ကွမ်းလုံ ရက်လေးဆယ်၊ ထော်ပိုင်၊ အောင်စိုးမိုး၊ အောင်သံလွင်၊ အောင်တံခွန်၊ ရဲရန်အောင်၊ ရွှေလင်းယုန်၊ စီစီဝမ်တာပန်၊ ပါဂျိုနားဖော့၊ မိုင်းယန်းမဲသဝေါ စသည်ဖြင့် စစ်ဆင်ရေးကြီးများစွာတို့တွင် ပါဝင်တိုက်ပွဲဝင်ခဲ့ရပါသည်။



စာမျက်နှာ ၁၃ သို့ ▸▸

▸▸ စာမျက်နှာ ၁၂ မှအဆက်

ပြည်ပကျူးကျော်မှု တွန်းလှန်စစ်နှင့် ပတ်သက်၍ ကူမင်တန်တပ်များ အင်အား ၁၂၀၀၀ ခန့်အထိ ဖြစ်လာမှုအား ၁၉၅၃ ခုနှစ် မတ်လမှစတင်ကာ မဟာစစ်ဆင်ရေး၊ နဂါးနိုင်စစ်ဆင်ရေး ဆင်နွှဲခဲ့ရာတွင် လေကြောင်းမှ ပါဝင်တိုက်ခိုက်ခဲ့သည်။ ဘုရင့်နောင်စစ်ဆင်ရေး (၁၉၅၄)၊ ရန်ကြီးအောင် စစ်ဆင်ရေး (၁၉၅၅)၊ မဲခေါင်စစ်ဆင်ရေး ထိုးစစ်(၁၉၆၀) စသည့် စစ်ပွဲကြီးများတွင်လည်း လေကြောင်းပစ်ကူအကြိမ်ရေများစွာ ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ခြင်းရှိပါသည်။

ဤပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးစစ်ပွဲများနှင့် ပြည်ပကျူးကျော်မှုတွန်းလှန်စစ်ပွဲများကာလအတွင်း အသက်ပေါင်းများစွာ စတေးခဲ့ရသည်။ ရင်နင့်စရာ၊ ရင်နာစရာ အဖြစ်အပျက်များနှင့် စိတ်ခံစားမှုများ ကြုံခဲ့ရသည်။ ပြည်ထောင်စုကြီး ပြိုကွဲလုနီးနီးအချိန်မှစ၍ တပ်မတော်(ကြည်း)နှင့် လက်တွဲကာ ကြံ့ကြံ့ခံတိုက်ပွဲဝင်ခဲ့သည်။ တပ်မတော်(လေ)အနေဖြင့် ဂုဏ်သိက္ခာပိုင်းအရဖြစ်စေ စိတ်ဓာတ်နှင့် ခံယူချက်ပိုင်းအရဖြစ်စေ အနှိုင်းမဲ့သစ္စာရှင်အဖြစ် ရပ်တည်လာနိုင်ခဲ့လေပြီ။ ဤမှန်ကန်သောသစ္စာတရား အခြေခံသန္ဓေကောင်းသည် မျိုးဆက်အဆင့်ဆင့်လက်ဆင့်ကမ်း ဆောင်ယူခြင်းဖြင့် ယနေ့တပ်မတော်(လေ)ကို စစ်အားမောင်းဖြည့်တင်းခိုင်မာခြင်းဖြစ်သည်။ ထုဆစ်လာနိုင်ခဲ့ပြီမဟုတ်ပါလား။

တစ်ဖက်တွင်စစ်ရေးတာဝန်ကို ရေကုန်ရေခန်း ထမ်းရွက်ခဲ့ရသလို၊ တစ်ဖက်တွင်လည်း အမျိုးသားရေးတာဝန်ဖြစ်သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို တာဝန်မက၊ စစ်ဆင်ရေးတမျှအလေးထားဆောင်ရွက်ခဲ့သည်။ ဘိန်းစိုက်ခင်း၊ ဘိန်းချက်စခန်းများအား လေကြောင်းမှကင်းထောက်ခြင်း၊ လေယာဉ်ဖြင့် ဆေးဖျန်းဖျက်ဆီးခြင်း၊ ဗုံးကြဲတိုက်ခိုက်ခြင်း စသည်ဖြင့် နှိမ်နင်းဆောင်ရွက်ခဲ့ရသည်။ ပန်ဝိစစ်ဆင်ရေး၊ မဲလုံးစစ်ဆင်ရေး၊ ဇင်နူးစစ်ဆင်ရေးတို့တွင် Bell-205 ရဟတ်ယာဉ်များအသုံးပြုခဲ့၏။ မိုးဟိန်းစစ်ဆင်ရေး(အဆင့် ၁ မှ ၁၂ ထိ)နှင့် တောင်ဇရန်ရှင်းစစ်ဆင်ရေး (အဆင့် ၁ မှ ၄ ထိ) တို့အား အဆင့်လိုက် အမှတ်စဉ်များကပ်လျက်ဝေဟင်မှဆေးဖျန်းဖျက်ဆီး ခဲ့ကြောင်း သိရပေသည်။ သဘာဝဘေးအန္တရာယ်ဟု ဆိုရမည့် နာဂစ်မုန်တိုင်း မြစ်ဝကျွန်းပေါ်ဝင်မွှေခြင်း (၂၀၀၈)၊ ကိုဗစ်ရောဂါဆိုးကြီးကျရောက်ခြင်း (၂၀၁၉)၊ မိုခါမုန်တိုင်း (၂၀၂၃)၊ မကွေး၊ စစ်ကိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်စသည်ဖြင့် နိုင်ငံအနှံ့အပြားဖြစ်ပွားလာသည့် ကပ်ရောဂါဆိုးအန္တရာယ်များမှ ကာကွယ်ရန် လေယာဉ်၊ ရဟတ်ယာဉ်များ အချိန်နှင့်တစ်ပြေးညီ ပျံသန်းလုပ်ဆောင်ခြင်းများရှိခဲ့သည်။

တပ်မတော်(လေ)၏ အဓိကမောင်းနှင်အားမှာ ပျံသန်းရေးဖြစ်သဖြင့် နှစ်စဉ်မပျက် လေသူရဲများ မွေးထုတ်ပေးလျက်ရှိခြင်းကပင် သမိုင်းပေးတာဝန် ထမ်းရွက်မှု မလစ်ဟင်းကြောင်း သိသာလှပေသည်။ ထူးခြားချက်အနေဖြင့် အမျိုးသားများသာမက အမျိုးသမီးများပင် လေသူရဲလောက၌ နေရာပေးလာခဲ့ပြီဖြစ်ကြောင်း တွေ့ရပါ၏။ ထို့ပြင် အမျိုးသမီးလေသူရဲများကို ယခင်က သယ်ယူပို့ဆောင်ရေး လေယာဉ်နှင့် ရဟတ်ယာဉ်များတွင်သာ တာဝန်ပေးခဲ့ရာမှ ယနေ့ဆိုလျှင် တိုက်လေသူရဲများနေရာ၌ပင် အစားထိုး တာဝန်ထမ်းဆောင်စေခဲ့ပြီးဖြစ်၏။ မြန်မာ့အမျိုးသမီးလောကအတွက်ခေတ်နှင့်အညီ

> ❖ စင်စစ် တပ်တော်ဝင်အခမ်းအနားသည် မြန်မာ့တပ်မတော်၏ရည်မှန်းချက် Standard Army “အရွေ့” တစ်ခုဖြစ်စေတန်ရာသော အခြေခံကျကျ ခင်းဖြန့်လိုက်သည့် သေနင်္ဗျူဟာ ကွန်ရက်အဖွင့် ဖြစ်နိုင်လောက်ပေ၏။ စစ်လက်နက်ပစ္စည်းဆန်းသစ်မှုနှင့် ဖွံ့ဖြိုးမှုအပေါ် လွန်းထိုးမြော်မြင်တွန်းတင်လာခြင်းသည် ကာကွယ်ရေးသမိုင်းအတွက် လာခြင်းကောင်းသော လက်ဆောင်မွန်ပင်ဖြစ် . . .

ရင်ပေါင်တန်းစေရေး ဖွင့်ပေးလိုက်သည့် တံခါးတစ်ချပ်ပင်တည်း။ အမျိုးသမီးတို့၏စိတ်ထား မိုးထိမြင့်မားခဲ့လေပြီ။ တပ်မတော်(လေ)အတွက်မူ ဆန်းသစ်စေသည့် စွမ်းအားဆင့်ပွားဆန့်ထွက်လာခြင်းပင်။ စင်စစ် လေသူရဲကောင်းများ မွေးထုတ်ခြင်းသည် မျိုးဆက်အဟောင်းနှင့် အသစ်အကူးအသန်း ပေါင်းမီကမ်းသည့် ထိုက်တန်သော အမွေခံရယူခြင်းမျိုးဟုလည်း ဆိုနိုင်လောက်ပေ၏။

နိုင်ငံတကာမြင်ကွင်းတွင်အမျိုးသမီးတို့၏ အခန်းကဏ္ဍမှာမသေးလှ၊ လေကြောင်းပညာရပ်နယ်ပယ်တွင် လေသူရဲများနှင့် အာကာသသူရဲကောင်းများအဖြစ်ပင် အမျိုးသမီးများ တာဝန်ထမ်းရွက်နေသည်မှာကြာခဲ့ပြီ။ အသံထက်မြန်သော ဂျက်တိုက်လေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များပင်ပေါ်ထွက်လာနေပြီဖြစ်ရာ စစ်လက်နက်ပစ္စည်းပိုင်း၏ တီထွင်ဆန်းသစ်မှုအဆန့်အထုတ်အဝန်းအဝိုင်းကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်နေရဆဲပင်။

တပ်မတော်(လေ)၏ လေကြောင်းလွင်ပြင်၊ လေကြောင်းရပ်ဝန်းဟုခေါ်ဆိုလောက်သည်က မိတ္ထီလာ အညာမြို့ကလေး၊ ယင်းမြို့ကလေးသည်ပင်လျှင် လေကြောင်းပညာရပ်တို့ဆုံဆည်းရာ၊ စက်မှုလုပ်ငန်းတို့ တွန်းဖွင့်စီးမျောရာဒေသဖြစ်သည်။ လေကြောင်းစွမ်းရည်ဗဟိုချက်ဟု ခေါ်ဆိုနိုင်လောက်သည့် လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်မှာ ဤဒေသ၊ ဤမြို့ကလေးနှင့် အနီးကပ်ဆုံးနေရာတွင်တည်ရှိပါ၏။ ဤစခန်းဌာနချုပ်ကို ဝိသေသပြုစရာအဖြစ်လေယာဉ်မောင်းသင်တန်းကျောင်းကလည်း သမိုင်းဂုဏ်ရောင်တဝင်းဝင်း၊ တမာပင်တန်းအခင်းအကျင်းကလည်းရနံ့တသင်းသင်းဖြင့်ကြိုဆိုနေကြပေလိမ့်မည်၊ကြည့်စမ်း...၊ ဤကျောင်းရပ်မြေသည် လေသူရဲ ဇာနည်မော်များစွာတို့၏ မွေးဇာတိရပ်မြေတည်း။ ရှေးရှေးက စွန့်လွှတ်စွန့်စား အသက်ပေးတာဝန်ထမ်းခဲ့ကြသည့် နောင်တော့်နောင်တော် လေသူရဲကောင်းကြီးများ၏ သွေးဝိညာဉ်များ ကိန်းအောင်းနေပေလိမ့်မည်။ သည်အတွေးဝင်လာလျှင် ရင်ခုန်သံမြန်လာစေမည်။ မနီးမဝေးတွင် လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်းကြီးကလည်း ရှိနေပြန်သေးသည်။ ဘေးပတ်ဝန်းကျင်ဝယ် လေကြောင်းဆိုင်ရာ မြေပြင်အတတ်သင်ကျောင်းများတည်ရှိသည့် မြေပြင်အတတ်သင်လေတပ်စခန်းဌာနချုပ်ရှိသည်။ သည်မှာ တစ်ဖက်တွင်လည်း လေကြောင်းပညာဝိညာဉ်ဟု ခေါ်တွင်လောက်သည့် စက်မှုလုပ်ငန်းများပြားစုံလင်သည့် လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်ကြီးကလည်း ရှိသေးသည်။ တကယ်တော့ “ Sky is the Limit” တဲ့။ “တက်နိုင်ဖျားရောက်’’ ဟူသည် တပ်မတော်(လေ) ဆောင်ပုဒ်နှင့်အညီ၊ ဤလေကြောင်းလွင်ပြင်ရပ်ဝန်းမှသင်ကြားပို့ချတတ်မြောက်လာသည့် စွမ်းရည်ဖြင့် “တက်နိုင်’’ ခဲ့လျှင် အခေါင်အဖျားထိတိုင် ရောက်လိမ့်မည်ဟု ညွှန်းပြုစာဆိုဖွင့်ဟခြင်း ဖြစ်နိုင်ပါ၏၊ တပ်မတော်(လေ)သည် သက်တမ်းရှည်လာခဲ့သည်နှင့်အမျှ အသိပညာ၊ အတတ်ပညာများ အမြဲတမ်းရှင်သန်ထက်မြက် ဖွံ့ဖြိုးတိုးတက်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်လာခဲ့ရပေသည်။

စင်စစ်တပ်မတော်(လေ)သည်လင်းယုန်ငှက်၏ နှလုံးသားသန္ဓေမှန်ကို စံနမူနာပြုကာ အားမောင်းသန်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ အားမောင်းနှင့်အားမာန်သည် စွမ်းရည်ဖွဲ့တည်ကာ နိုင်ငံ့လက်ရုံး၊ ပြည်သူ့လက်ရုံးဖြစ်လာခဲ့ပေပြီ။ လင်းယုန်သည် ငှက်မျိုးစိတ်အကြီးအမှူး၊ သန်မာခြင်း၊ ခွန်အားကြီးခြင်း၊ ရန်အပေါင်းကို လျင်မြန်စွာ ဖြိုခွင်းနိုင်ခြင်း စသည့် စွမ်းရည်ထူးများရှိသည်။ ခွဲမာန်ကြီးခြင်းနှင့် သန္နိဋ္ဌာန်စိတ်သည် ယင်း၏ ထူးခြားသော အားသာချက်ပင်ဖြစ်၏။ ထို့အတူ လေယာဉ်အမျိုးအစား များစွာတွင် တိုက်လေယာဉ်များ တည်ဆောက်ထားမှုမှာ ဤစံနှုန်းအတိုင်းဟုယူဆနိုင်၏။ တိုက်လေသူရဲ အမည်ခံ သံမဏိငှက်များ အပိုင်းမှာလည်း စွန့်လွှတ်စွန့်စားနှလုံးသား ပုံရိပ်များတွင် ဤသဘောအတိုင်းပင် ကြံ့ခိုင်မာသန်ကြောင်း မြင်တွေ့ရပေလိမ့်မည်။

ယနေ့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့သည် တပ်မတော်(လေ)မွေးနေ့ သို့မဟုတ် နှစ်ပတ်လည်နေ့ဖြစ်သည်။ လွန်လေပြီးသော ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့မှစတင်ခဲ့သည့်တပ်မတော်(လေ)သည်နှစ်ကာလသတ်မှတ်ချက်ရတုများစွာကို ကျော်လွှားဖြတ်သန်းလာခဲ့သည်မှာ (၇၇)နှစ်တိုင်ခဲ့လေပြီ။ နှစ်(၈၀)ပြည့်မြောက်ခဲ့လျှင်ဖြင့် “ဝက်သစ်ချရတု”သို့ ရောက်ရှိလာပေလိမ့်ဦးမည်။ နှစ်ပေါင်းရှည်ကြာ ချီတက်လာခဲ့သည့် ခရီးကြမ်းတစ်လျှောက် သစ္စာရှိရှိတပ်မတော်(ကြည်း)နှင့်တွဲကာ ကာကွယ်ရေးတာဝန်ကို ဦးလည်မသုန် ထမ်းရွက်ခဲ့သည်။ တစ်ဖက်တွင်လည်း မိမိတပ်ဖွဲ့ဆိုင်ရာ အရည်အသွေး၊ အရည်အချင်း၊ စွမ်းရည်ပြည့်ဝရေး၊ စစ်ဗျူဟာမြောက်လေ့ကျင့်သားပြည့်ဝရေး အပြင် ခေတ်မီစစ်လက်နက်ပစ္စည်းများ ပိုင်နိုင်ကျွမ်းကျင်ရေးတို့ကို ဂရုတစိုက် ဆောင်ရွက်လာခဲ့ပေသည်။

ယနေ့ခေတ်တွင် နိုင်ငံတော်၏ပံ့ပိုးဆောင်ရွက်မှု၊ စီမံခန့်ခွဲလမ်းဖွင့်ပေးမှုတို့ဖြင့် “တပ်တော်ဝင်’’ ရွှေရောင်နေ့ရက်များကို လက်တွေ့ပိုင်ပိုင် ထိတွေ့နိုင်ခွင့် ရရှိခဲ့လေပြီ။ တပ်တော်ဝင်အခမ်းအနားသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် လေယာဉ်၊ ရဟတ်ယာဉ် ဖြည့်တင်း လွှဲပြောင်းပေးခြင်းဖြစ်ရာ၊ တိုးကာ တွန်းကာ...ဖောက်ထွက်လာသည့် တပ်မတော်(လေ)၏ ဆန့်ထုတ်စွမ်းရည်များ ဖြစ်လာပေလိမ့်မည်၊ စင်စစ်တပ်တော်ဝင်အခမ်းအနားသည် မြန်မာ့တပ်မတော်၏ ရည်မှန်းချက် Standard Army “အရွေ့” တစ်ခုဖြစ်စေတန်ရာသော အခြေခံကျကျ ခင်းဖြန့်လိုက်သည့် သေနင်္ဗျူဟာကွန်ရက်အဖွင့် ဖြစ်နိုင်လောက်ပေ၏။ ကြည့်လေ...၊ စစ်လက်နက်ပစ္စည်းဆန်းသစ်မှုနှင့် ဖွံ့ဖြိုးမှုအပေါ် လွန်းထိုးမြော်မြင်တွန်းတင်လာခြင်းသည် ကာကွယ်ရေးသမိုင်းအတွက် လာခြင်းကောင်းသော လက်ဆောင်မွန်ပင်ဖြစ်ပါ၏။

လင်းအရုဏ်ဦးနှင့်အတူ ပန်းများဖူးပွင့်လာကြသည်။ မိုးအကုန်၊ အနှောင်း၊ ဆောင်းဝင်ခဲ့လေပြီ။ လေအဝှေ့ဝယ်ချမ်းချမ်းမြမြ ခံစားရသည်။ တစ်ချက်တစ်ချက် လေနှင့်အတူ စီးမျောလာသည့်တမာရနံ့ကြောင့် လန်းလန်းဆန်းဆန်းနှင့် စိတ်ခံစားမှု ရှင်းသန့်လှပါ၏။

တိမ်ပြာသောကောင်းကင်ဝယ် အညာနေသည် နှင်းမြူစဘာဝကို တွန်းဖွင့်ရန် မာန်တင်းစပြုလေပြီ။ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၏ အနောက်ဘက်ကျကျ လေယာဉ်ပြေးလမ်းကိုနောက်ခံပြုကာ ကျင်းပမည့်အခမ်းအနား၊ အစီအစဉ်တစ်ခုရှိနေသည်။ ပြေးလမ်းကွန်ကရစ်သားပေါ်တွင် စီစီရီရီရပ်ထားသည့်အမျိုးအစားစုံ လေယာဉ်၊ ရဟတ်ယာဉ်များ ပြီးတော့ အလံတိုင်များ ထူလွှင့်ထားသည့်လေယာဉ်ပြေးလမ်းဖြင့်လည်း စစ်ရေးပြကွင်း၊ ဧည့်ပရိသတ်နားနေဆောင် စသည်စသည်ဖြင့် တစ်ကန့်စီ တစ်ကန့်စီ... စီစဉ်ထားရှိမှုမှာ စနစ်တကျပင်၊ စင်စစ် တပ်တော်ဝင်အခမ်းအနား မြင်ကွင်းပင်တည်း၊ မကြာမီ သက်ဝင်လှုပ်ရှားလာပေဦးတော့မည်။ ကျွန်တော် ရင်ခုန်နေမိသည်။

တကယ်တော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် ဦးဆောင်ဖွင့်လှစ်ခြင်း၊ လေယာဉ်၊ ရဟတ်ယာဉ်များ ဖြည့်တင်းလွှဲပြောင်းပေးသည့် အစီအစဉ်ပါဝင်နေသည်မို့ အဆန်းတကြယ်ပြုပြောခြင်းထက် အဆင့်အတန်းရှိသော၊ တန်ဖိုးကြီးမြင့်သော ပွဲသဘင်ဟု ပြောနိုင်ပါ၏၊ ပြောလိုပါ၏။


နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့်ပွဲဖြစ်သည်နှင့်လျော်ညီစွာ စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမည်မှာ ရင်သပ်ရှုမောစရာပင်၊ ဖြည့်တင်းလွှဲပြောင်းပေးမည့်လေယာဉ်၊ ရဟတ်ယာဉ်များကို အောင်သပြေပန်းများဖြင့် အမွှေးနံ့သာပက်ဖျန်းကာ တပ်တော်ဝင်မှတ်တမ်းတင်ခြင်းအပိုင်းမှာ ကြည်နူးဖွယ်ခံစားမှုတစ်ရပ်ဖြစ်စေပြန်ပါသည်။

ကျွန်တော့်ရင်မှာ အစွဲမက်ဆုံးကတော့ လေသူရဲများ၏လေယာဉ်ကို စွမ်းရည်ပြသမောင်းနှင်ခြင်း၊ သရုပ်ပြအပိုင်းဖြစ်သည်။ လေယာဉ်အမျိုးအစားအလိုက် လေသူရဲများ၏ ကျွမ်းကျင်မှုကို ဖော်ပြသည့် စွမ်းရည်သရုပ်ပြ ဆောင်ရွက်မှုသည် ထိတ်လန့်အံ့သြဖွယ်၊ ရင်တသိမ့်သိမ့် နင့်နင့်နဲနဲ ခံစားရပါသည်။ မြန်မာ့လေသူရဲများ၏ ကြောက်ရွံ့မဲ့စွာ လေယာဉ်ကို လိုသလို ကျွမ်းကျွမ်းကျင်ကျင်မောင်းနှင်ပြသမှုတို့မှာ ရင်သပ်ရှုမောဖြစ်ရသည်။ သာမန်လူတို့ ဆောင်ရွက်ရန်ခက်ခဲသည့်ကိစ္စ၊ သူတို့၏ ရဲစွမ်းသတ္တိနှင့် စွန့်စားမှုများကို လေးစားဂုဏ်ယူမိသည်။

ကျွန်တော်ထင်ပါသည်၊ တပ်မတော်(လေ)သည် စွမ်းရည်အရာ၌ တင့်သထက်တင့် မြင့်သထက်မြင့်လာနေသည်မှာ အမှန်ဖြစ်၏။ သန္ဓေမှန်အကြောင်းအရပ်နှင့် ကောင်းမြတ်မာသန်သည့် အားမောင်းလည်း ပြည့်စုံခဲ့လေပြီ။ ၂၀၁၀ ပြည့်နှစ်မှစ၍ တပ်တော်ဝင်အခင်းအကျင်းနှင့် အလျဉ်းသင့်သလို ဖြည့်တင်းလာခဲ့သည့် စစ်ခွန်အားလည်း မြင့်မားမှုအဆင့်တစ်ဆင့်သို့ ရောက်ရှိခဲ့လေပြီ။

တပ်တော်ဝင်သည် မော်ကွန်းတင်သည့် သမိုင်းဖြစ်စဉ်ဖြစ်သကဲ့သို့ သမိုင်းသစ်ဖော်ညွှန်းခြင်းလည်း ဖြစ်နေနိုင်သည်။ မည်သို့ပင်ဖြစ်စေ တပ်မတော်(လေ)သည် ဤသမိုင်းကို အနာဂတ်သို့တိုင် ယူဆောင်သွားပေလိမ့်မည်။ ထိုအခါ ပြည်ထောင်စုသမိုင်းအဖြစ် တလွင်လွင်တောက်ပနေသည့် ရွှေရောင်နေ့ရက်များ ဖြစ်လာလိမ့်ဦးမည်ဟု ကျွန်တော် ယုံကြည်နေပါသည်။ မျှော်လင့်နေပါသည်။ ဖြစ်လည်း ဖြစ်လာပါလိမ့်မည်။ ။

# ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပါဝင်ဆင်နွှဲ




နေပြည်တော် ဒီဇင်ဘာ ၁၄

ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်ကောင်စီက ဦးဆောင်၍ ယနေ့နံနက် ၅ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ကျင်းပသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ၊ ပြည်သူလူထုများနှင့်ကျောင်းသား၊ ကျောင်းသူများ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်းမှ စတင်၍ ဥပ္ပါတသန္တိစေတီတော် ပတ်လမ်းတစ်လျှောက် လက်ယာရစ်ပတ်စုပေါင်းလမ်းလျှောက်၍ တပေါင်းကွင်းအတွင်း ပြန်လည်ဝင်ရောက်ပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွဲ(၁)၊ (၂)နှင့် Physical Fitness Dance လေ့ကျင့်ခန်းများကို စုပေါင်းလှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)




**ကြွက်သားအားကောင်းစေရန် လမ်းများများလျှောက်ပေးပါ။**

# ဧရာဝတီတိုင်းဒေသကြီး (၇)မြို့နယ်မှ နေကြာစိုက် သမဝါယမအသင်းများနှင့် ဒုတိယဝန်ကြီး ဦးမြင့်စိုးတွေ့ဆုံ




နေပြည်တော် ဒီဇင်ဘာ ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူနှင့် ဓနုဖြူမြို့နယ်တို့မှ သမဝါယမအသင်းစုများ၊ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူးများ၊ ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ယခုနှစ်ဆောင်းရာသီ ဆီထွက်သီးနှံနေကြာကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းအဖွဲ့များက ၁၆၅၁၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ယခု တက်ရောက်လာသော မြို့နယ် (၇) မြို့နယ်တွင် ၇၃၈၅ ဧကစိုက်ပျိုးမည်ဖြစ်ရာ ရေဆင်းမျိုး-၁ မျိုးများ အချိန်မီဖြန့်ဝေပေးရန်၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အသုံးပြုနိုင်ရန်၊ ထွက်ရှိလာသည့်သီးနှံများကို ဟင်္သာတမြို့နှင့် ပုသိမ်မြို့ရှိသမဝါယမဆီစက်များနှင့် ၁၉မြို့နယ်အတွင်းရှိပုဂ္ဂလိကဆီစက် ၁၀၇ ခုတို့တွင် ကြိတ်ခွဲနိုင်သည်အထိ လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။


ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လိုအပ်သည်များမှာကြားပြီး တက်ရောက်လာသောမြို့နယ်အသီးသီးရှိ သမဝါယမအသင်းစုဥက္ကဋ္ဌများနှင့် အမှုဆောင်များက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်(၇)မြို့နယ်အတွင်းမှ နေကြာစိုက်ဧက ၅၆၇၀ တွင် စမ်းသပ်အသုံးပြုရန်အတွက် ရုရှားသဘာဝရွက်ဖျန်းမြေဩဇာများကို ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် သမဝါယမဦးစီးဌာနညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းအေးတို့က ပေးအပ်ရာ သမဝါယမအသင်းအမှုဆောင်များက လက်ခံရယူကြသည်။

ထို့မှတစ်ဆင့် ဟင်္သာတမြို့နယ် ဒူးယားကျေးရွာသို့သွားရောက်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ခရိုင်ရုံးမြေနေရာကို ကြည့်ရှုစစ်ဆေးကာ ရုံးမြေပိုင်ဆိုင်မှုအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်၊ ရုံးအဆောက်အအုံဆောက်လုပ်နိုင်ရေးအတွက် ဘဏ္ဍာငွေလျာထားတင်ပြဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)နှင့် တရုတ်သံရုံးမိသားစုများ တွေ့ဆုံပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၄

(၇၅)နှစ်ပြည့်မြောက်သည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌဦးတင်ဦး၊ နာယက၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ ပါဝင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms.Ma Jia ၊ သံမှူးကြီးများ၊ သံရုံးမှ တာဝန်ရှိသူများပါဝင်သောသံရုံးမိသားစုများ တွေ့ဆုံပွဲကို ယမန်နေ့က ရန်ကုန်မြို့ရှိ Pan Pacific Hotel ၌ ကျင်းပခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် တရုတ်သံအမတ်ကြီးတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် နှစ်နိုင်ငံ ချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး အပြန်အလှန်လက်ဆောင်ပေးအပ်ခြင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး အခွန့်ရှည်ခိုင်မြဲစေရေး ဆုတောင်းခြင်းတို့ကို ဆောင်ရွက်ကြကာ ချစ်ကြည်ရင်းနှီးစွာ ညစာအတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

❖ စာမျက်နှာ ၁၇ မှအဆက်

ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က အမျိုးသမီး (၅၆-၆၂) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အမျိုးသား(၅၈-၆၃) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကယားပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား(၆၃-၆၈) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား (၆၈-၇၄) ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား (၇၄) ကီလိုအထက် အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ခရစ်ကက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း (၁) ၌ ကျင်းပရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက အမျိုးသမီးခရစ်ကက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ဒုတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဗိုဗီနမ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ပြည်ထောင်စုနယ်မြေ ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ်အတွင်းရေးမှူး ဒေါ်ခင်လေးမွန်က အမျိုးသမီးတစ်ကိုယ်တော်ခားတစ်လက်အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဗိုဗီနမ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်က အမျိုးသား၊ အမျိုးသမီးအတွဲလိုက် လက်နက်ပါအပြပြိုင်ပွဲတွင်ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမျိုးသား၊ အမျိုးသမီး အတွဲလိုက်လက်နက်ကာကွယ်နည်း အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားနှစ်ယောက်တွဲ ဓားရှည်အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက အမျိုးသားလေးယောက်တွဲ လက်နက်မဲ့အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား (၅၀-၅၅) ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က အမျိုးသမီး (၅၅-၆၀) ကီလိုတန်းအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး (၆၀-၆၅) ကီလိုတန်း အတိုက်ပြိုင်ပွဲတွင်ပထမဆုရရှိသည့်စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့်မကွေးတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(သတင်းစဉ်)

## ကန့်ကြီးထောင့်မြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယ ဉာဏစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ကန့်ကြီးထောင့် ဒီဇင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် World Vision တို့ ပူးပေါင်း၍ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁၃ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့ဝင်(၂) ဦးလှမြင့်က ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေများကို လေ့လာဖတ်ရှုကြရန် ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဦးက ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲကျင်းပရသည့်ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့မရဲစခန်းမှူးက မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့်ဂုဏ်ပြုဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ကျော်ဇင်စိုး (ပြန်/ဆက်)

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားများ ဆက်လက်ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အမျိုးသား (၁၇၀)စင်တီမီတာအထက် ကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ကာယဗလနှင့်ကာယကြံ့ခိုင်မှု ပြိုင်ပွဲ ပွဲစဉ်များကို မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူမှုရေးရာဝန်ကြီးများ၊ သယံဇာတရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများတက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက အမျိုးသား အသက် ၂၁ နှစ်အောက် ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက အမျိုးသား (၅၅) ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသား (၆၀) ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသား (၆၅) ကီလိုအထိ ကာယဗလပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသား (၁၇၀) စင်တီမီတာအထိ ကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က အမျိုးသမီး Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက အမျိုးသား Fitness Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမျိုးသား (၁၇၀) စင်တီမီတာအထက် ကာယကြံ့ခိုင်မှု Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး အမျိုးသမီး မီတာ ၅၀x၄ လွှန်းပြန်အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။

အလားတူ ဝန်ကြီးဌာနအဆင့် ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က အမျိုးသားမီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်မျိုးမြင့်က အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့မှပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အမျိုးသား ခရစ်ကက်ပြိုင်ပွဲတွင် ပထမဆုရ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် အမျိုးသမီး Athletic Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က အမျိုးသမီးသုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသမီး လုံတံပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသား ၂၀ ကီလိုမီတာလမ်းလျှောက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမျိုးသမီး ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက အမျိုးသမီး မီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ရေကူးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးဉာဏ်ထွန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးစန်းဝင်းဇော်က အမျိုးသမီး မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်က အမျိုးသား မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတောက်ထွန်းက အမျိုးသမီး မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့်မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အမျိုးသမီး မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့်မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။


လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း အမျိုးသား Fitness Physique ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့်ပဲခူးတိုင်းဒေသကြီးနှင့်တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးဉာဏ်ထွန်းက အမျိုးသမီးမီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အမျိုးသမီး မီတာ ၅၀ x ၄ လွန်းပြန်အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ ၅၀ x ၄ လွန်းပြန်အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို TC–1 –တိုက်ကွမ်ဒိုရုံ၌ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က အမျိုးသမီး –၄၆ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က အမျိုးသမီး ၄၆ – ၅၁ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသမီး ၅၁–၅၆ ကီလိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် အရုပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကယားပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက အမျိုးသား –၅၄ ကီလိုအတိုက်ပြိုင်ပွဲ ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသား ၅၄–၅၈ ကီလို အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ **စာမျက်နှာ ၁၅ သို့** ❖


ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် အမျိုးသမီး ၆၀–၆၅ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မပြည့်ပြည့်ဝင်း (စစ်ကိုင်း)အား ဆုပေးအပ် ချီးမြှင့်စဉ်။


နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အမျိုးသမီးခရစ်ကက်ပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား ဆုပေးအပ်ချီးမြှင့်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 50th Anniversary (Golden Jubilee)Rakhine State Day

## 15 December 2024

**Esteemed ethnic national brethren in Rakhine State,**

First and foremost, I extend my greetings with heartfelt wishes, praying for the well-being and happiness of all Rakhine ethnic brethren in all parts of the nation and in Rakhine State, as well as all Union-born ethnic people across the nation, wishing them fulfillment in their aspirations and prosperity in both mind and body on the occasion of the Golden Jubilee of Rakhine State Day which falls on 15 December 2024, today.

Rakhine State Day is a special and significant day filled with unique attributes and pride for the indigenous Rakhine people. Under the 1974 Constitution, Rakhine State was also designated as one of the states in the Union.As 15 December when the national referendum was held to approve the 1974 constitution was designated as Rakhine State Day, it turns 50 years now as commemoration of the golden jubilee.

Rakhine State is blessed with culturalheritages and plentiful artistic works due to its prolong history of forefathers. As Rakhine State is a region where the Buddhism is flourishing,the state has abundant ancient stupas and temples as cultural heritages inaccord with the motto: **Number of Buddhist monuments is equal to blossoming orchid flowers** (defined as 6,354,755 pagodas in numerical signs).

According to the geographical conditions,Rakhine State is located in the western coast of the nation, on 14,200 squaremiles of area, sharing borders with neighbouring countries. So, it is astrategic area of the nation.It is a proud and beautiful state with lush forests, mountains, and rivers, as well as a long and scenic coastline, rich in natural and water resources, enabling the production of valuable goods.

**Esteemed ethnic national brethren,**

Now is a State ofEmergency when the State Administration Council is taking State responsibilities under the Constitution. Since its assumption, the State Administration Council has adopted the roadmaps and objectives and now has been implementing the five-point Roadmap and nine objectives.

As the State Administration Council is implementing the work processes in accord with the five-point Roadmap, the national population and household census has so far been enumerated. The enumeration of census is being undertaken in some areas that were left for various reasons. Now, arrangements are being made to successfully hold a multi-party democratic general election aligned with the last point of the five-point Roadmap.

The basic foundation to emerge the genuine, disciplined democratic system the people really aspire to is to rehold a free and fair prestigeious systematic general election. To do so, as it is necessary to restore peace and stability across the nation, all citizens and entire people have to join hands with the government in implementing the mission with the national spirit.

**Esteemed ethnic national brethren,**

The State Administration Council emphasizes implementation of two key political and national visions each while formulating the good conditions with the aim of shaping a peaceful, prosperous future for the State and all ethnic national people. As food, clothing and shelter are basic needs for everyone, two national visions were adopted to ensure prosperity of the State and food security. Now, the government fulfills needs to product agricultural produce suitable for the regions and accelerate successful farming of livestock breeding to benefit all citizens.

The government has allocated Ks-10 billion from the State economic promotion fund to operate agriculture, livestock,cooperative and industrial businesses in order to develop Rakhine State. At present, the allocated fund has been allotted to agricultural farmers,livestock farmers, cooperative societies and industries to implement their projects.

Making efforts to enhance agriculture and livestock sectors in Rakhine State can reflect socio-econoic life of the rural people who are the majority population in the state as well as the manufacturing sector of the country. It shows goodwill of the State for Rakhine State and national people from Rakhine region in addition to family spirit of national brethren, genuine patrotism and Union spirit.

The Government is implementing the KG+9 education plan for improvement of the society blessed with physical capacity and mental knowledge. I would like to urge all to emphasize increase of high percent of student number for all school-age children, completion of school education and raising the rate of student grades.

Better techniques and correct knowledge and attitude are crucial to come out well-versed qualified youths who would bereliable for the state and the country in the future. Hence, it is necessary to participate in the activities on development of libraries and raising the reading skills being implemented by the State for the people to accumulate techniques and knowledge in the entire nation.

**Esteemed ethnic national brethren,**

The State Administration Council has established the Rakhine State Peaceful, Stability and Development Central Committee, which is working on improving the socio-economic development of the state in the sectors such as agriculture, livestock, education, health, communication, and electricity. These efforts are carried out sector by sector. In May 2023, during the impact of the powerful cyclonic storm Mocha, the committee was able to immediately launch rehabilitation activities in Rakhine State the day after the cyclone struck. As a result, Rakhine State is making significant progress in recovery from natural disasters, working quickly to restore and improve conditions beyond their original state.

Rakhine State has historically faced numerous difficulties in terms of transportation and infrastructure. As a result, successive governments have placed significant emphasis on the development of Rakhine State up until the present time. Everybody knows that this focus has led to substantial changes and improvements.

However, at present, there is instability and unrest within the country, including in Rakhine State, and this creates an opportunity for certain powerful nations to exert influence over the country's geopolitics landscape, which results in the creation and shaping of internal instability.

The actions of the MNDAA, TNLA, and AA terrorists, which began in October 2023, have further worsened the socio-economic conditions of the ethnic people. Due to the sabotage acts of these armed terrorist groups, many innocent civilians have suffered in poverty and hardship. The continuous armed attacks by these terrorists, driven by political motives and misguided ideologies, have only resulted in further acts of violence. They have been observed to prioritize standing alone rather than collectively building the union on a multi-party democratic path. Young people have been trapped and manipulated through drugs, leading them to be involved in violent conflicts. It has become clear that their demands cannot be achieved through armed terrorism, but rather through political dialogue at the negotiation table. They now recognize that peaceful solutions are the only way to resolve conflicts, and it is urged that they abandon the path of armed struggle and instead follow the right course.

**Esteemed ethnic national brethren,**

All national race peoples living within Myanmar have long been united, sharing the land, water, and resources together in harmony, as brothers and

See Page - 19

From Page - 18

sisters, for many generations. In the present day, however, certain internal traitors and powerful foreign nations have caused immense suffering to these ethnic peoples, pushing them into poverty and destroying the regions where they live, along with the development and resources that once sustained them. It is now crucial for everyone to consider the long-term benefits for the nation and their communities, rather than allowing their livelihoods and resources to be destroyed. If we are in disunity, the strength of the nation will diminish, and we risk becoming a people who are merely subjects, following others' will as history leaves us behind. Therefore, it is important to heed this warning and work together for the greater good of the nation.

Only by following the path of the Nationwide Ceasefire Agreement (NCA) for the Union's peace can we build the peaceful and prosperous nation we all aspire to. In advancing the peace of our country, it is crucial to ensure there is no foreign interference or internal division. All ethnic groups must unite in the spirit of the Union and seek solutions through political dialogue and negotiation. The government also invites discussions and continues to keep the door to peace open. As the saying goes, **"Strength of the nation lies within,"** and we urge all ethnic peoples to unite and work together for the national interest with coordinated efforts.

In Rakhine State, the Rakhine, Kaman, Khami, Dainet, Maramagyi, Mro, Thet, and other indigenous ethnic groups live together alongside the Myanmar and Chin ethnic groups. The peace, stability, and development of the state rely on the unity of all the indigenous peoples living together and their commitment to the spirit of the Union. The efforts for peace and regional development by the ethnic national brethren residing in Rakhine State contribute to the stability, peace, and progress within the state, and serve as a source of strength for the nation-building process.

In conclusion, in order to establish a strong multi-party democratic system and successfully implement necessary reforms in our country, the critical factors for achieving security, peace and stability, which are essential for smooth and rapid progress, include the full participation of the people in ensuring national security and peace. Moreover, the ethnic people of Rakhine State are urged to uphold the Union spirit and national spirit to serve the interests of people from Rakhine State, the state and the union. Wishing for lasting peace, happiness, and prosperity, we pay tribute to the the Golden Jubilee of Rakhine State, and respectfully submit this letter.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma**
**Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# Katha Township completes cultivation of cold season sesame

KATHA December 14

Based on data of the Katha Township Department of Agriculture, a total of 20,637 acres of winter sesame has been planted in Katha Township of Sagaing Region.

Local authorities earmarked cultivation of 25,050 acres of winter sesame in the township in 2024-2025 cold season but farmers have so far planted 20,637 acres of crop against the target.

U Ko Lay, Head of Katha Township Department of Agriculture commented: "Local farmers have so far planted more than 20,600 acres of winter sesame against the target of more than 25,000 acres. Township officials help local farmers meet the target cultivation. Their sown acreage of sesame is on the increase. Local farmers prefer to grow sesame in winter more than monsoon."

This year, officials of Township Agriculture Department raise farmer awareness for expansion of sown acreage of sesame, use of agricultural techniques and GAP system, and use of quality strains of crops to boost per-acre yield of crops.

The crops planted in GAP system produce more quality crops than other crops grown as usual. Moreover, the crops planted in GAP system can fetch higher prices in the domestic and international markets. Hence, growers can earn increased incomes.



**SMK**

# Green gram planted on more than 1,000 acres of croplands in Myinmu Township

MYINMU December 14

The statistics of Sagaing District Agriculture Department stated that a total of 1,273 acres of green gram has been planted in Myinmu Township of Sagaing Region this cold season.

Local authorities earmarked cultivation of 1,288 acres of green gram in the township but local farmers have so far planted 1,273 acres against the target.

Daw Thida Lwin, Head of Sagaing District Agriculture Department said: "This year, Myinmu Township planned to grow 1,288 acres of green gram but local farmers have so far planted 1,273 acres. They are trying hard to meet the target cultivation. Our department will help local farmers expand sown acreage of green gram and use quality seeds of crops for boosting per-acre yield."

This year, the Township Agriculture Department emphasizes supply of quality seeds for local farmers with correct agricultural techniques, prevention of pests and systematic broadcasting of fertilizers.

Officials of the Township Department of Agriculture cooperate with local farmers to assist in distribution of quality seeds, inputs and post-harvest technology.

**SMK**

# Kyaiklat Township sends more than 70,000 viss of Spiny eel to Yangon market

KYAIKLAT December 14

"Merchants from Kyaiklat Township of Ayeyawady Region supplied 74,000 viss of Spinyeels to Yangon market," said Daw Phyu Aung, the owner of fishery trading commodity centre in Kyaiklat Township.

They purchase Spiny eels from local fishermen in the township and conduct systematic processing. In September they sent 60,000 viss of Spiny eel to Yangon market compared to 74,000 viss in October.

Daw Phyu Aung disclosed: "We send Spiny eels to Yangon market on a monthly basis. In October, we sent a large volume of Spiny eel to Yangon. Due to high demand from Yangon market, we extend more volume of spiny eel to Yangon. Subsequently, local fishermen and those in the production chain of marine products especially Spiny eels have job opportunities in earning incomes."

Due to booming marine product businesses, local fishermen and merchants in addition to truck drivers and others are convenient in their livelihoods.

**SK**

# Plan underway to grow more than 11,000 acres of sunflower in Maubin Township

MAUBIN December 14

"Arrangements are being made to grow 11,550 acres of sunflower as cold season crops in Maubin Township of Ayeyawady Region this year," said U Zaw Min Tun, Head of Maubin Township Department of Agriculture.

Under the management of local authorities, farmers will start cultivation of sunflower in the township in the third week of November this year. As such, officials from the Agriculture Department, Agricultural Mechanization Department and Township Administration Body will cooperate with each other for the sake of local farmers in successfully growing sunflower.

U Zaw Min Tun explained: "We will grow 11,550 acres of cold season sunflower in Maubin Township. Local farmers are making preparations for cultivation. Our department will help them have quality crops with high yield and prevent pests. Sunflower's yield depends on soil types. So, local authorities will join hands with farmers to increase per-acre yield of crops in the township."

Officials of the Township Agriculture Department raise farmer awareness of growing sunflower with soil preparations, use of pests and water utilization, use of quality stains of crops and agricultural techniques to boost per-acre yield of crops.

**SK**

# S. Korean acting president says will leave no vacuum in state affairs

SEOUL December 14

South Korean's Prime Minister Han Duck-soo, the country's acting president, said Saturday he would do his best to stabilize state affairs in accordance with the Constitution and laws, vowing to leave no vacuum in the country's politics.

Han made the remarks during a public address after Yoon Suk-yeol was officially suspended from his duties as president when the impeachment resolution, adopted in parliament Saturday afternoon, was delivered to his office, making the Prime Minister the acting president.

Han said the government would make every effort to minimize the impact on the daily lives of the people and establish a solid security posture.

He also vowed to ensure the smooth operation of financial and foreign exchange markets and maintain the trust of the international community, calling on public officials to work together to overcome the crisis.

Under the country's Constitution, the Prime Minister assumes the role of acting president if the president is impeached. President Yoon's presidential duties are only suspended until the Constitutional Court delivers its ruling on the impeachment motion.

If the court upholds the impeachment, Yoon will be removed from office, and the prime minister will continue to act as president until a new president is elected within 60 days.

**Xinhua**

# Israel Defence Forces claims struck Hamas Command Center in Gaza

MOSCOW December 14

The Israel Defence Forces (IDF) said it had struck a command center of Palestinian movement Hamas in a former school building in Gaza City.

"The IAF [Israeli Air Force] conducted a precise strike on Hamas terrorists who were planning to commit terror attacks against IDF troops operating in the Gaza Strip and against Israeli territory in the immediate future. The terrorists were operating inside a command and control center embedded within a compound that previously served as the 'Yaffa' School in Gaza City," the IDF said in a statement on Telegram.

It said that prior to the strike, steps had been taken to mitigate the risk of harming civilians.

**Sputnik**



# Georgian dream candidate Kavelashvili elected President with 224 votes

TBILISI December 14

The ruling Georgian Dream party's candidate, Mikheil Kavelashvili, has been elected Georgian president, Central Election Commission chairman Giorgi Kalandarishvili said on Saturday.

Kavelashvili had received 224 votes out of 300, the CEC chief said, adding that to be elected president, a candidate has to win 200 votes.

"Mikheil Kavelashvili has been elected President of Georgia," Kalandarishvili said.

The presidential election was held in Georgia on Saturday. This is the first time in Georgia's history that the president is elected not by direct vote but rather by an electoral college.

The Georgian presidential election is recognized valid after over 170 members of 300 lawmakers representing the country's College of Electors cast their votes, Georgia's Central Election Commission spokesperson Natia Ioseliani earlier said.

**Sputnik**

# Ptolemaic-period tombs uncovered in S. Egypt

CAIRO December 14

A joint Egyptian-Spanish archaeological mission has uncovered several Ptolemaic-period (332-30 BC) tombs in Al-Bahnasa archeological site in southern Egypt's Minya Province, the Egyptian Ministry of Tourism and Antiquities said Saturday.

The tombs contain colorful decorations, mummies, skeletons, coffins, and unique artifacts, such as amulets, heart scarabs and deities, the ministry said in a statement.


A rectangular stone burial well was found leading to a cemetery containing dozens of mummies lined up side by side, indicating the usage of these rooms as mass graves, it said.

It is the first time to find human remains in Al-Bahnasa, including 13 golden tongues and nails of mummies from the Ptolemaic era, it noted.

The texts and scenes of ancient Egyptian characters on the tombs would enrich the understanding of the region's history and shed light on the religious practices prevalent in the Ptolemaic period, it said.

**Xinhua**

# Arab League condemns Israeli incursions into Syrian buffer zone



CAIRO December 14

The Arab League (AL) has adopted a resolution condemning Israel's military incursions into the Syrian buffer zone and adjacent positions after an Egypt-initiated emergency meeting, announced Egypt's Foreign Ministry on Friday.

The emergency meeting was held Thursday to formulate a unified Arab position on expanded Israeli occupation in the annexed Golan Heights, which the AL described as a flagrant violation of the 1974 disengagement agreement, the ministry said in a statement.

The AL resolution emphasized that the disengagement agreement remains effective as per UN Security Council Resolution 350, unaffected by Syria's political upheaval, the statement added.

It urged international pressure on Israel to comply with UN Resolution 497 in 1981, which states that the Israeli exercise of sovereign rights in the Golan Heights is "null and void." The Cairo-based pan-Arab organization also demanded Israeli withdrawal from occupied Syrian territory.

Since the downfall of former Syrian President Bashar al-Assad's government on Sunday, Israel has significantly increased airstrikes across Syria, along with ground operations targeting Syrian critical military infrastructure. In addition, Israel declared the 1974 UN-monitored disengagement agreement with Syria defunct following the end of al-Assad's rule, and its military then crossed into the demilitarized buffer zone established under the agreement, seizing border areas.

**Xinhua**

# Russian air defences shoot down 37 Ukrainian drones overnight

MOSCOW December 14

This night, Russian air defences shot down 37 Ukrainian drones over Russian regions, the Ministry of Defence said in a statement.

"This past night, during an attempt by the Kiev regime to carry out terrorist attacks using aircraft-type unmanned aerial vehicles on targets on the territory of the Russian Federation, air defence systems on duty destroyed and intercepted 37 Ukrainian UAVs," the ministry said.

It said 12 drones were shot down over the Kursk Region, 12 over the Krasnodar Territory, seven over the Bryansk Region, five over the Oryol Region and one over the Azov Sea.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 18 used to (do)

**E** Compare **I used to do** and **I was doing:**

I **used to watch** TV a lot. (= I watched TV oft en in the past, but I don't do this any more)

I **was watching** TV when Rob called. (= I was in the middle of watching TV)

**F** Do not confuse **I used to do** and **I am used to doing** (see Unit 61). The structures and meanings are diff erent:

I **used to live** alone. (= I lived alone in the past, but I no longer live alone.)

I **am used to living** alone. (= I live alone, and it's not a problem for me because I've lived alone for some time.)

Past continuous (**I was doing**)→**Unit 6 would** (= **used to**)→ **Unit 36**
**be/get used to** (**doing** something)→**Unit 61**

## Exercises

**18.1 Complete the sentences with** used to **+ a suitable verb.**

1 Nicola used to travel .................. a lot, but she doesn't go away much these days.
2 Sophie .................................................. a motorbike, but last year she sold it and bought a car.
3 Our friends moved to Spain a few years ago. They............................................in Paris.
4 Jackie........................................my best friend, but we aren't friends any more.
5 I rarely eat ice cream now, but I.....................................it when I was a child.
6 It only takes me about 40 minutes to get to work now that the new road is open.
It...................................more than an hour.
7 There...............................a hotel near the airport, but it closed a long time ago.
8 I .....................................in a factory. It wasn't my favourite job.

**18.2 Complete the sentences. Choose from the box.**

**did**
**didn't**
**to**
**use**
**used**
**used to**
**used to be**
**used to have**
**be able**

1 Lisa used to have very long hair when she was a child.
2 We.................................to watch TV a lot, but we don't have a TV any more.
3 Lisa works in a shop now. She .................................a receptionist in a hotel.
4 What games ..............................you use to play when you were a child?
5 I .................................. like big cities, but now I prefer the countryside.
6 In your last job, how many hours a day did you...........................to work?
7 I don't travel very much these days, but I used .......................................
8 I used to.........................to run ten kilometres, but I can't run that far now.
9 These days I eat more than before. I ..............................use to eat as much.

**18.3 Compare what Karen said ten years ago and what she says today:**




Raymond Murphy

○ ကျောဖုံးမှအဆက်
အမျိုးသမီး လုံတံပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၁၀ တန်းကျော်အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့ပြင် **အမျိုးသားလုံတံပစ်ပြိုင်ပွဲတွင်** အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ နန်းထက်မောင်က ပထမ၊ အားကစားနှင့်


ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားသုံးဆင့်ခုန်ပြိုင်ပွဲဗိုလ်လုပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

လူငယ်ရေးရာဝန်ကြီးဌာနမှ ပြည့်ဖြိုးအောင်က ဒုတိယ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သူရအောင်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲတွင်** ကာကွယ်ရေးဝန်ကြီးဌာနမှ ဝင်းစန္ဒာထွန်း က ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ နော်မြင့်မြင့်စန်းက ဒုတိယ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်မှ ဂျာစိုင်းပန်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသား မီတာ ၁၁၀ တန်းကျော်ပြေးပြိုင်ပွဲတွင်** အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ လွင်မိုးက ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပိုင်ကိုဝင်းက ဒုတိယ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ မင်းသိခ်က တတိယ ဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ရေကူးကန်၌ကျင်းပရာ အမျိုးသား/အမျိုးသမီး မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၅၀ ပက်လက်ကူးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီး ၅၀x၄ လွန်းပျံလေးမျိုးကူး ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ**ကို ရွှေကြာပင်အားကစားရုံ၌ကျင်းပရာ အမျိုးသား/အမျိုးသမီး ၅၀-၅၅ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး ၆၀-၆၅ ကီလိုတန်းပြိုင်ပွဲ၊ လက်နက်ကာကွယ်နည်းအပြ (ကျား+မ) စွမ်းရည်ပြ ပြိုင်ပွဲ၊ အမျိုးသားဓားရှည်နှစ်ယောက်တိုက်အပြ စွမ်းရည်ပြပြိုင်ပွဲ၊ အမျိုးသားလေးယောက်တွဲလက်နက်မဲ့အပြ စွမ်းရည်ပြပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲ** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ **စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်**တွင် ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ချမ်းမင်းကျော်က ကချင်ပြည်နယ်မှ ကျော်စွာတင့်ကို ၃ ပွဲ ၂ ပွဲ၊ ကယားပြည်နယ်မှ ရဲထွဋ်နိုင်က ပဲခူးတိုင်းဒေသကြီးမှ ငြိမ်းပြည့်ဖြိုးကို ၃ပွဲ ၁ ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးမှ ခင်ဇော်က ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ချစ်မိုးကို ၃ ပွဲ ၁ ပွဲ၊ ရှမ်းပြည်နယ်မှ ဖီးအီက စစ်ကိုင်းတိုင်းဒေသကြီးမှ စိုးခန့်နိုင်ကို ၃ ပွဲ ၁ ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။


ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များကကြည့်ရှုအားပေးစဉ်။


ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲဗိုလ်လုပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

**ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦး ရှုံးထွက်ပွဲစဉ်**တွင် ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာဝင်းက ကရင်ပြည်နယ်မှ ကျော်ကျော်ထွန်းကို ၃ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးမှ အေးမင်းက ကယားပြည်နယ်မှ ကျော်ဆန်းလွင်ကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်နိုင်စိုးက ပဲခူးတိုင်းဒေသကြီးမှ ထိန်ဝင်းကို ၃ပွဲ ၁ ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်ဝင်းက မကွေးတိုင်းဒေသကြီးမှ အောင်ဖြိုးဝေကို ၃ ပွဲ ၂ ပွဲ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်မှ ကျော်ဌေးက ရှမ်းပြည်နယ်မှ လှထွန်းကို ၃ ပွဲ ၂ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဇော်လင်းနက မွန်ပြည်နယ်မှ ရဲဝင်းထွဋ်ကို ၃ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ လင်းအောင်က ဧရာဝတီတိုင်းဒေသကြီးမှ နေလင်းဦးကို ၃ ပွဲ ၂ ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သီဟံစိုးက မန္တလေးတိုင်းဒေသကြီးမှ ပြည့်ဖြိုးဝင်းကို ၃ ပွဲ ၂ ပွဲ ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**9 Ball Pool တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်**တွင် ရှမ်းပြည်နယ်မှ ကမ္ဘာလင်းက ဧရာဝတီတိုင်းဒေသကြီးမှ မိုးဝင်း ကို ၇ ပွဲ ၄ပွဲ၊ မန္တလေးတိုင်းဒေသကြီးမှကျော်ဇင်သန့်က ရန်ကုန်တိုင်းဒေသကြီးမှ အောင်မြင့်ကို ၇ ပွဲ ၆ ပွဲ၊ ကချင်ပြည်နယ်မှ အောင်ကျော်မိုးက ရခိုင်ပြည်နယ်မှ စိုင်းဇာနည်ထွန်းကို ၇ ပွဲ ၆ ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးမှ ရာဇာဟန်က မကွေးတိုင်းဒေသကြီးမှ ဟိန်းလတ်ကို ၇ ပွဲ ၄ ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**စနူကာ 15 Red နှစ်ယောက်တွဲပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်က ပြည်ထောင်စုနယ်မြေနေပြည်တော်ကို ၃ ပွဲ ၂ ပွဲ၊ ကချင်ပြည်နယ်က ရခိုင်ပြည်နယ်ကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးက ကရင်ပြည်နယ်ကို ၃ ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးက မွန်ပြည်နယ်ကို ၃ ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးက ဧရာဝတီတိုင်းဒေသကြီးကို ၃ ပွဲ ၂ ပွဲ ဖြင့် အနိုင်ရရှိခဲ့ကြသည်။


ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များကကြည့်ရှုအားပေးစဉ်။

**စနူကာ 6 Red နှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်**တွင် ရန်ကုန်တိုင်းဒေသကြီးက မကွေးတိုင်းဒေသကြီးကို ၃ ပွဲ ၁ပွဲ၊ ရှမ်းပြည်နယ်က ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်က ကယားပြည်နယ်ကို ၃ပွဲ ၁ပွဲ၊ ရခိုင်ပြည်နယ်က မွန်ပြည်နယ်ကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ **9 Ball Pool တစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်**တွင် ရန်ကုန်တိုင်းဒေသကြီးက မန္တလေးတိုင်းဒေသကြီးကို ၇ ပွဲ ၄ပွဲ၊ ရှမ်းပြည်နယ်က ဧရာဝတီတိုင်းဒေသကြီးကို ၇ ပွဲ ၁ပွဲ၊ ရခိုင်ပြည်နယ်က ပဲခူးတိုင်းဒေသကြီးကို ၇ ပွဲ ၂ ပွဲ၊ ကချင်ပြည်နယ်က **စာမျက်နှာ ၂၃ သို့ ○**


ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။


ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။





ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များက ကြည့်ရှုအားပေးစဉ်။

❍ စာမျက်နှာ ၂၂ မှအဆက်

ကရင်ပြည်နယ်ကို ၇ ပွဲ ၃ ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ အမျိုးသား ၂၀ နှစ်အောက် ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၅၅ ကီလိုအထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၆၀ ကီလိုအထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၆၅ ကီလိုအထိ ကာယဗလပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာအထိ ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသား ၁၇၀ စင်တီမီတာအထက် ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique ပြိုင်ပွဲ၊ အမျိုးသား Fitness Physique ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ကျင်းပရာ **အမျိုးသားခရစ်ကက်ပြိုင်ပွဲ**တွင် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက ပထမ၊ ရခိုင်ပြည်နယ်အသင်းက ဒုတိယ၊ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးခရစ်ကက်ပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်းရရှိခဲ့ကြပြီး တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် အမျိုးသားဘောလုံး ကွာတားဖိုင်နယ်ပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄)၊ ဘောဂဝတီကွင်းနှင့် လယ်ဝေးမြို့နယ်အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ဂိုး ၁ ဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၅ ဂိုး ၂ ဂိုး၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်**များကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၂ ဂိုး ဂိုးမရှိ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာန အသင်းကို ၂ဂိုး ၁ ဂိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၉ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားတင်းနစ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းဖူဆယ်ရုံ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာနအသင်းကို ၁၆ ဂိုး ဂိုးမရှိ၊ စွမ်းအင်ဝန်ကြီးဌာနအသင်း က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၃ ဂိုး ၂ ဂိုး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၃ ဂိုး ၁ ဂိုး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်အသင်းကို ၂ ဂိုး ၁ ဂိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုတရားလွှတ်တော်အသင်းကို ၁၇ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို ၂ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ ၁ ပွဲ၊ တတိယလုပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ဗိုလ်လုပွဲစဉ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ် အနိုင်ရရှိခဲ့ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပထမ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက ဒုတိယ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။



ဝန်ကြီးဌာနပေါင်းစုံ လှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုအတိုက်ပြိုင်ပွဲ**များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတိုက်ကွမ်ဒိုရုံ၌ကျင်းပရာ အမျိုးသမီး ၄၆ ကီလိုတန်းအောက် အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ၄၆-၅၁ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ၅၁-၅၆ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၅၄ ကီလိုတန်းအောက် အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၅၄-၅၈ ကီလိုတန်းအတိုက်ပြိုင်ပွဲ၊ အမျိုးသမီး ၅၆-၆၂ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၅၈-၆၃ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၆၃- ၆၈ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၆၈- ၇၄ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၇၄ ကီလိုတန်းအထက် အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ** အုပ်စုပတ်လည် ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို)၌ကျင်းပရာ **အမျိုးသားတင်းနစ်ပြိုင်ပွဲ**တွင် ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းကို ၂ ပွဲ ၁ ပွဲ၊ ချင်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ ၁ ပွဲ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ **အမျိုးသမီးတင်းနစ်ပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲ ၁ ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီး အလေးမပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမပြိုင်ပွဲရုံ၌ကျင်းပရာ **အမျိုးသား ၆၁ ကီလိုတန်းပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးမှ မြတ်ကျော်သူက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ မျိုးမင်းလတ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဝမ်ကြားလယ်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ၄၉ ကီလိုတန်းပြိုင်ပွဲ**တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ထက်ထက်ထွန်းက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နော်အယ်ကညောဂျော့က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ ဇင်ငြိမ်းအေးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘော်လီဘောပြိုင်ပွဲ** အုပ်စုပတ်လည် ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောရုံ၌ကျင်းပရာ **အမျိုးသားဘော်လီဘောပြိုင်ပွဲ**တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၂ ပွဲ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းကစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲ ၂ ပွဲ ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီးဘော်လီဘောပြိုင်ပွဲ**တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ယနေ့အချိန်ထိ အဆင့်လိုက်ရပ်တည်မှုအနေဖြင့် **ဝန်ကြီးဌာနအဆင့်အားကစားပြိုင်ပွဲ**များတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ရွှေ ၇ ခု၊ ငွေ ၅ ခု၊ ကြေး ၂ ခုဖြင့် အဆင့်(၁) နေရာတွင်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနက ရွှေ ၆ ခု၊ ငွေ ၇ ခု၊ ကြေး ၆ ခု ဖြင့် အဆင့် (၂) နေရာတွင်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနက ရွှေ ၆ ခု၊ ငွေ ၂ ခု ၊ ကြေး ၅ ခုဖြင့် အဆင့် (၃) နေရာတွင်လည်းကောင်း၊ **ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးက ရွှေ ၅၄ ခု၊ ငွေ ၂၅ ခု ၊ ကြေး ၂၃ ခုဖြင့် အဆင့်(၁) နေရာတွင်လည်းကောင်း၊ ရှမ်းပြည်နယ်က ရွှေ ၂၀ ခု၊ ငွေ ၂၄ ခု၊ ကြေး ၃၀ ခုဖြင့် အဆင့် (၂) နေရာတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးက ရွှေ ၁၇ ခု၊ ငွေ ၁၁ ခု ၊ ကြေး ၁၅ ခုဖြင့် အဆင့် (၃)နေရာတွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစား ဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **(သတင်းစဉ်)**

# နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီး ပလွေးချောင်းကမ်းပြို ကာကွယ်ရေးနှင့် ငလိုက်ချောင်းကမ်းပါးတစ်လျှောက် မြေထိန်းနံရံများ ပြုလုပ်ခြင်းလုပ်ငန်းခွင်အား ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း စစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၁၄

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အေလာမြို့သို့ သွားရောက်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ပလွေးချောင်းကမ်းပါး ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေး Gabion Box ကျောက်ဖြည့်မြေထိန်းနံရံ အလျားပေ ၁၉၀၀ နှင့် Steel Basket ကျောက်ဖြည့်ရေကာများ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဇမ္ဗူသီရိမြို့နယ် လွှတ်တော်ဝန်ထမ်းအိမ်ရာဝင်းအတွင်း ငလိုက်ချောင်းကမ်းပါးတွင် Gabion Box ကျောက်ဖြည့်မြေထိန်းနံရံ အလျားပေ ၂၀၀ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးစံချိန်စံညွှန်းပြည့်မီပြီး လုပ်ငန်းအချိန်ဇယားအတိုင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်ဆောင်ရွက်မှု မှတ်တမ်းထားရှိရေး၊ လုပ်ငန်းပြီးစီးမှုများနှင့်ပတ်သက်၍ အရည်အသွေးစစ်ဆေးရေးအဖွဲ့များမှ စစ်ဆေးချက်မှတ်တမ်းများ စနစ်တကျထားရှိရေးဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်းသိရသည်။ (၅၀၀)

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လမ်းများအဆင့်မြှင့်တင်ခြင်းနှင့် ရှေးဟောင်းရေကန်များ တူးဖော်ဆောင်ရွက်နေမှုကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်ဖြိုးသန့်သည်ယမန်နေ့နံနက်ပိုင်းက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လမ်းများအဆင့်မြှင့်တင်ခြင်းနှင့်ရှေးဟောင်းရေကန်များ တူးဖော်ဆောင်ရွက်နေသည့်အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ အာနန္ဒာဘုရားလမ်းဆုံမှ မင်းနန်သူကျေးရွာအဝင်လမ်း၊ မိုးကုတ်ရိပ်သာနောက်ကျောမှ ရွှေဆံတော်ဘုရားလမ်း၊ ဓမ္မရံကြီးဘုရားမှ ဓမ္မရာဇကဘုရားသွားလမ်း၊ ဘူးလယ်သီးဘုရားအဝင်လမ်းမှ အာနန္ဒာဘုရား-မင်းနန်သူရွာအဝင်လမ်း၊ သရပါဂိတ်မှ ရွှေကွန်ချာဘုရားသွားလမ်း၊ ရွာဟောင်းကြီး-အနန္ဒမေတ္တာ ဘုန်းကြီးကျောင်း-အာနန္ဒာဘုရားလမ်း၊ သူငွေးကန်ကျေးရွာအဝင်လမ်း၊ တောင်ဘီရွာနှင့်ရင်မနားဘုရားသွားလမ်း၊ သိကြားပုန်းဘုရားသွားလမ်း၊ အာနန္ဒာဘုရားလမ်းဆုံမှ သရပါဂိတ် (ညောင်ဦး-ချောက်ကားလမ်းဟောင်း)၊ ကျောက်မျက်မော်ဘုရားအဝင်လမ်း၊ ချောက်-စဥ့်ကူလမ်းမကြီးမှဘုရားအမှတ် (၁၀၆၂)ဘုရားအဝင်လမ်း၊ ချောက်-စဥ့်ကူလမ်းမကြီးမှ စေတနာကြီးဘုရားအဝင်လမ်းတို့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေရန် စိစစ်အကြံပြုချက်များနှင့်အညီ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရှေးဟောင်းရေကန်များဖြစ်သည့် ကုသိနာရုံကန်၊ ကန်သစ်ကြီးကန်၊ မြေနှဲလေးကန်-၁၊ ကန်ရှည်လျားကန်တို့ကို ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# တပ်ကုန်းမြို့နယ်၏ နှမ်းစပါး၊ ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲနှင့် နှီးနှောဖလှယ်ပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၁၄

တပ်ကုန်းမြို့နယ်အတွင်း နှမ်းစပါး၊ ဝါသီးနှံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် တောင်သူနည်းပညာပေးဆွေးနွေးပွဲနှင့် နှီးနှောဖလှယ်ပွဲကို ယမန်နေ့နံနက်ပိုင်းက တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေ စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ခရိုင်နှင့်မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူနည်းပညာပေးဝန်ထမ်းများ၊ သုတေသီများနှင့် ဘာသာရပ်ဆိုင်ရာ ပညာရှင်များ၊ တပ်ကုန်းမြို့နယ်အတွင်းရှိ ဆရာစံ၊ ဗိုလ်မင်းရောင်၊ ရေအေး၊ ညောင်တုန်းအိုင်၊ အလယ်ကျွန်း၊ ဥသျှစ်ကုန်း၊ မကျီးပင်၊ ကြက်သွန်ခင်း၊ နွယ်ရစ်၊ ရွှေးစု၊ အောင်မြေရိပ်သာ စသည့် ကျေးရွာအုပ်စု ၁၁ စုတို့မှ တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တပ်ကုန်းမြို့နယ်အတွင်း ဝါစိုက်ပျိုးရာနေရာများ၌ တစ်ဧကသတ်မှတ်အထွက်နှုန်းရရှိရေး၊ အထွက်နှုန်းတိုးတက်ရေးကို တောင်သူများနှင့်ပညာရှင်များ အတူတကွလက်တွဲညီစွာ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ အလားတူ စိုက်ပျိုးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေသုံးစွဲသူများအဖွဲ့ (WUG)တောင်သူအသင်းအဖွဲ့များနှင့်တာဝန်ရှိသူများပူးပေါင်း၍ အထူးအလေးထားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန တာဝန်ရှိသူများက နေကြာသီးနှံအထူးအထွက်တိုးတက်ရေးအတွက်ဆောင်ရွက်ရမည့်အချက်များ၊ စပါးပင်၏ဘေးထွက်ပစ္စည်းများအသုံးပြု၍ တီမွေးမြူခြင်းနှင့် တီကျစ်စာမြေဆွေးထုတ်လုပ်ခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သောစပါးမျိုးများ၊ အထွက်ကောင်းအရည်အသွေးကောင်း ပြည်တွင်းပြည်ပဈေးကွက်ဝင် စပါးမျိုးသစ်များနှင့် ပတ်သက်၍လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက ဝါသီးနှံတစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးကောင်း ဝါဂွမ်းများရရှိရေး၊ ချည်မျှင်ရှည်ဝါပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပိုးသတ်ဆေး ဓာတ်ကြွင်းအန္တရာယ်နှင့် ပိုးသတ်ဆေးဓာတ်ကြွင်းအန္တရာယ်လျှော့ချသည့်နည်းလမ်းများ၊ မြေဆီလွှာကျန်းမာရေးကောင်းမွန်စေရန်နှင့် အထွက်နှုန်းတိုးတက်စေရန် ဘက်စုံအာဟာရစီမံခန့်ခွဲခြင်းဆိုင်ရာများကိုလည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးပညာရှင်က တိုင်းရင်းကြက်မွေးမြူရေးခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

ပညာရှင်များ၏ တင်ပြဆွေးနွေးချက်များကို တောင်သူများက သိရှိလိုသည်များ ပြန်လည်ဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးပြီး အက်စစ်သုံး၍ ဝါစေ့အမွေးချွတ်ခြင်းကို လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

(၅၀၀)



# ဗီယက်နမ်နိုင်ငံ Cao Bang ပြည်နယ်အတွင်း အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားနှစ်ဦးအား ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဒီဇင်ဘာ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့်အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့်တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့အမြန်ဆုံးအေးချမ်းလုံခြုံစွာပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဗီယက်နမ်နိုင်ငံ Cao Bang ပြည်နယ်အတွင်း အလုပ်လုပ်ကိုင်စဉ်အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မနွယ်နီဝင်းနှင့် မချစ်စုစုကျော် နှစ်ဦးတို့ကို အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးသည် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တပ်မတော်လေယာဉ်အကြုံဖြင့် ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ရောက်ရှိကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားများပြည်ပတွင်အလုပ်လုပ်ကိုင်စဉ် အခက်အခဲ ကြုံတွေ့ရပါက မြန်မာသံရုံးနှင့်မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံသားများနှင့် မိဘဆွေမျိုးများသည် ယခုကဲ့သို့ကူညီဆောင်ရွက်ပေးမှုအတွက် နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာအထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

# စောင့်ကြည့်ရမယ့် ပြတိုက်ရဲ့ပြခန်းထဲက ပြကွက်တစ်ခု



ပေ ကျင်းမြို့မှာ တရုတ်ကွန်မြူနစ်ပါတီပြတိုက်ဆိုတာရှိပါတယ်။ တရုတ်ကွန်မြူနစ်ပါတီက ကမ္ဘာပေါ်မှာဘယ်လိုအောင်မြင်မှုတွေရထားတယ်ဆိုတဲ့ဂုဏ်ပုဒ်တွေကို ဖော်ညွှန်းပြသထားရာနေရာတစ်ခုဖြစ်တဲ့အပြင် ကွန်မြူနစ်ပါတီဝင်စုစုပေါင်း သန်း ၉၀၀ လောက်က လာရောက်လေ့လာမှုတွေလုပ်ရတဲ့ အလွန်ကြီးမားသောပြတိုက်ကြီးတစ်ခုပါ။ အဲဒီပြတိုက်ထဲမှာ ပြကွက်ငယ်လေးတစ်ခုရှိပါတယ်။ ပေးထားတဲ့နာမည်က "တရုတ်-အမေရိကန်ကုန်သွယ်ရေးဆွေးနွေးမှုများ" ဖြစ်ပါတယ်။ နေရာချထားတာက ပြတိုက်ရဲ့ထွက်ပေါက်နားမှာပါ။

အဲဒီပြကွက်မှာ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်လက်ထက်တုန်းက တရုတ်နိုင်ငံနဲ့အမေရိကန်နိုင်ငံတို့ကြား အကြိမ်ကြိမ်လုပ်ဆောင်ခဲ့ကြတဲ့ ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုမှတ်တမ်းများကို တစုတစည်းဖော်ပြထားတာဖြစ်ပါတယ်။ ဒီမှတ်တမ်းတွေထဲမှာ အလွန်ကိုပဲအရေးကြီးတဲ့ခတ်ပုံနှစ်ပုံက နေရာယူထားတာတွေ့ရပါတယ်။ တစ်ပုံက တရုတ်သမ္မတရှီကျင့်ဖျင်နဲ့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့တွေ့ဆုံဆွေးနွေးမှုမှတ်တမ်းဓာတ်ပုံဖြစ်ပါတယ်။

အဲဒီဓာတ်ပုံကို ၂၀၁၉ ခုနှစ် ဇွန်လတုန်းက ဂျပန်နိုင်ငံ အိုဆာကာမြို့မှာကျင်းပတဲ့ G-20 ထိပ်သီးညီလာခံရဲ့ဘေးပန်းတွေ့ဆုံမှုမှာရိုက်ကူးခဲ့တာဖြစ်ပါတယ်။ နောက်ထပ်ဓာတ်ပုံတစ်ပုံက တရုတ်ဒုတိယဝန်ကြီးချုပ်လျူဟေးနဲ့ ထရမ့်တို့က နှစ်နိုင်ငံကြားသဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးနေတဲ့ဓာတ်ပုံဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက လျူဟေးက တရုတ်ကုန်သွယ်ရေးဆိုင်ရာ စေ့စပ်ဆွေးနွေးရေးအဖွဲ့ရဲ့ဥက္ကဋ္ဌပါ။ သူတို့လက်မှတ်ထိုးတဲ့နေရာက အိမ်ဖြူတော်မှာဖြစ်ပြီး အချိန်က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှာဖြစ်ပါတယ်။

သမိုင်းဝင်ဓာတ်ပုံနှစ်ပုံရဲ့ဘေးဘက်မှာတော့ မှတ်ချက်အကျဉ်းချုပ်တစ်ခုကို ရေးသားထားတာတွေ့ရပါတယ်။ "ဒေါ်နယ်ထရမ့်အစိုးရက တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြန်အလှန်လေးစားမှုအပေါ်အခြေခံတဲ့ နိုင်ငံတကာဆက်ဆံရေးအခြေခံမူဘောင်များနဲ့ သာတူညီမျှမှုအပေါ်အခြေခံတဲ့ ဆွေးနွေးညှိနှိုင်းရေးတို့ကိုလျစ်လျူရှုခဲ့တယ်" ဆိုပြီးရေးထားတာပါ။ ဒါ့အပြင် ဒီလိုမျိုးလုပ်ရပ်ကြောင့် နိုင်ငံတကာစီးပွားရေးအစီအစဉ်ကိုပျက်စီးစေပြီး တရုတ်-အမေရိကန်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအပါအဝင် တစ်ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုဆက်ဆံရေးကိုပါ ထိခိုက်စေခဲ့တယ်လို့ဖော်ပြထားတာတွေ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ တရုတ်နိုင်ငံက နိုင်ငံရဲ့အမျိုးသားဂုဏ်သိက္ခာနဲ့ပင်မအကျိုးစီးပွားများကို ခိုင်မာစွာကာကွယ်နိုင်ခဲ့တဲ့အပြင် တစ်ဖက်မှာ တရုတ်နိုင်ငံနဲ့အမေရိကန်နိုင်ငံတို့ကြား ကုန်သွယ်မှုဆက်ဆံရေးကိုကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်မှုတွေရှိလာအောင် ပြတ်ပြတ်သားသားတွန်းအားပေးခဲ့ပါတယ်ဆိုပြီး အဲဒီမှတ်ချက်အကျဉ်းချုပ်မှာ ရေးထားပါသေးတယ်။

အဲဒီအခြေအနေတွေအားလုံးက လွန်ခဲ့တဲ့လေးနှစ်ကျော်ကာလကပါ။ အခုအမေရိကန်နိုင်ငံမှာ ဒေါ်နယ်ထရမ့်က ရွေးကောက်ပွဲအနိုင်ရပြီး အိမ်ဖြူတော်ကိုသမ္မတအဖြစ်ပြန်လာခဲ့ပါပြီ။ ဒီအချိန်မှာ တရုတ်နိုင်ငံအနေနဲ့ အမေရိကန်နဲ့ကုန်သွယ်ရေးအခြေအနေကို ဘယ်လိုမျိုးကိုင်တွယ်မလဲဆိုတာကိုလည်း အများကစိတ်ဝင်တစားဖြစ်နေကြပါတယ်။

ထရမ့်က အိမ်ဖြူတော်ကိုတောင်မရောက်သေးဘူး။ တရုတ်နိုင်ငံမှသွင်းကုန်တွေကို စည်းကြပ်အခွန် ၁၀ ရာခိုင်နှုန်း ထပ်ဆောင်းတိုးမြှင့်ကောက်ခံမယ်ဆိုပြီး လေသံပစ်လာပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံက အဓိကပါဝင်ထားတဲ့ BRICS အဖွဲ့အစည်းက အမေရိကန်ဒေါ်လာကို ကမ္ဘာ့ငွေကြေးနေရာကနေလျှော့ကျစေပြီး ကုန်သွယ်မှုလုပ်ငန်းမှာအစားထိုးနိုင်စေမယ့် ကိုယ်ပိုင်ငွေကြေးတစ်ရပ်ကိုထုတ်လုပ်သုံးစွဲလာမယ်ဆိုရင်လည်း အဲဒီအဖွဲ့ထဲမှာပါဝင်တဲ့ နိုင်ငံများအားလုံးကနေ အမေရိကန်ဆီတင်သွင်းမှုတွေကို စည်းကြပ်အခွန် ၁၀၀ ရာခိုင်နှုန်းအထိတိုးမြှင့်သွားမယ်ဆိုပြီးလည်း ခြိမ်းခြောက်ထားပါတယ်။

BIRCS အဖွဲ့ဆိုတာက ကမ္ဘာ့လူဦးရေထက်ဝက်နီးပါးရှိတဲ့ နိုင်ငံများနဲ့ဖွဲ့စည်းထားတဲ့ ကုန်သွယ်ရေးအဖွဲ့အစည်းပါ။ ဒါကြောင့် BRICS က သူတို့ရဲ့ကိုယ်ပိုင်ငွေကြေးကို ထုတ်လုပ်သုံးစွဲဖို့ဆိုတာက မလွဲမသွေဖြစ်လာနိုင်ပါတယ်။။ အဲဒီအဖွဲ့ထဲမှာ တရုတ်နိုင်ငံက ထိပ်တန်းနေရာကနေပါဝင်နေတဲ့အတွက် တရုတ်အစိုးရက အမေရိကန်နဲ့ကုန်သွယ်ရေးပြဿနာကို ဘယ်လိုမျိုးကိုင်တွယ်မလဲဆိုတာကို အများစုကစိတ်ဝင်စားနေကြတာဖြစ်ပါတယ်။ သူတို့နှစ်နိုင်ငံကြားမှာ ကုန်သွယ်ရေးစစ်ပွဲနဲ့အတူ ထိပ်တိုက်တွေ့ဆုံမှုကလည်း ဖြစ်လုနီးနီးပါပဲ။

အကယ်၍ ဒေါ်နယ်ထရမ့်ဘက်က ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒကို လက်ဦးမှုယူပြီးအကောင်အထည်ဖော်လာတယ်ဆိုရင် တရုတ်နိုင်ငံဘက်ကလည်း ပြန်လည်လက်တုံ့ပြန်မှာ ဧကန်မုချမလွဲဖြစ်ပါတယ်။ ဒါပေမဲ့ တချို့သူတွေကတော့ တရုတ်နိုင်ငံအနေနဲ့ ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားပြီဆိုရင် ဘတစ်ပြန်၊ ကျားတစ်ပြန်လိုက်ပြီးဖြစ်ဖို့မလိုဘူးဆိုပြီး သုံးသပ်ပြထားတာတွေရှိပါတယ်။

သို့သော်လည်း အမေရိကန်ဘက်က စတင်လာတဲ့ကုန်သွယ်ရေးစစ်ပွဲမှာ တရုတ်ဘက်က သည်းခံပြီးလိုက်လျောလိုက်မယ်ဆိုရင် ဒါဟာအမေရိကန်ရဲ့အိမ်ဖြူတော်ရှေ့မှောက်မှာ ဒူးထောက်လိုက်တာနဲ့အတူတူပါပဲ။ ဒီလိုအခြေအနေမျိုးကို တရုတ်နိုင်ငံအနေနဲ့ အရောက်ခံမယ်လို့ထင်ပါသလား။ ဒီလိုမျိုးအရောက်မခံနိုင်ဘူးဆိုရင် တရုတ်နိုင်ငံအနေနဲ့ ဘယ်လိုဆက်လုပ်မယ်လို့ ယူဆပါသလဲ။

တရုတ်နိုင်ငံရဲ့အန္တိမရည်မှန်းချက်က အမေရိကန်နိုင်ငံနဲ့ အဘက်ဘက်ကအဆင်ပြေချောမွေ့တဲ့ ဆက်ဆံရေးကိုတည်ဆောက်ဖို့ပါ။ ဒါကြောင့် သူ့အနေနဲ့ နှစ်နိုင်ငံဆက်ဆံရေးလမ်းကြောင်းပေါ်က တံတားကို ရိုက်ချိုးဖို့တော့ အစီအစဉ်မရှိပါဘူး။ ဒီလိုအကြောင်းပြချက်ကြောင့်လည်း တရုတ်နိုင်ငံက ဒီတစ်ကြိမ်မှာတော့ ပထမတစ်ကြိမ် ထရမ့်နဲ့ကုန်သွယ်ရေးစစ်ပွဲကာလအတွင်း သွင်းကုန်စည်းကြပ်အခွန်တွေအပြန်အလှန်တိုးမြှင့်ခြင်းထက် ပိုပြီးတော့ပြောင်းလွယ်ပြင်လွယ်ရှိတဲ့၊ လိုက်လျောညီထွေရှိတဲ့၊ ရည်မှန်းချက်တိကျခိုင်မြဲတဲ့နည်းလမ်းတစ်ခုကိုဖော်ဆောင်သွားနိုင်ခြေရှိတယ်လို့မျှော်မှန်းရပါတယ်။

အမေရိကန်က တရုတ်နိုင်ငံကိုတင်သွင်းလျက်ရှိတဲ့သွင်းကုန်ပမာဏထက် တရုတ်နိုင်ငံက အမေရိကန်ကိုတင်သွင်းနေတဲ့ သွင်းကုန်ပမာဏကပိုမိုများပြားနေတာဖြစ်တဲ့အတွက်လည်း သွင်းကုန်စည်းကြပ်အခွန် အပြန်အလှန်တိုးမြှင့်မှုလုပ်တာတွေကို တရုတ်အနေနဲ့ အဓိကကျတဲ့အခန်းကဏ္ဍကနေ ထည့်သွင်းစဉ်းစားမယ်လို့ သိပ်တော့မထင်ပါဘူး။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြန်အလှန်ညှိနှိုင်းဆွေးနွေးမှုနဲ့ပဲသွားမယ်လို့ထင်ပါတယ်။

တရုတ်နိုင်ငံက ဘယ်သူ့ကိုမှကျော်ခွင့်မပြုထားတဲ့စည်းလေးတန်ရှိပါတယ်။ အဲဒီစည်းတွေကဘာလဲဆိုရင် ထိုင်ဝမ်ကျွန်းအရေးကိစ္စ၊ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကိစ္စ၊ နိုင်ငံကသွားနေတဲ့လမ်းကြောင်းနဲ့စနစ်၊ သူ့ရဲ့ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးတို့ဖြစ်ပါတယ်။ အမေရိကန်အနေနဲ့ အဲဒီစည်းတွေကိုမကျော်သရွေ့တော့ ဘယ်အရာကိုမဆို တရုတ်နိုင်ငံနဲ့ညှိနှိုင်းဆွေးနွေးမှုတွေလုပ်လို့ရပါတယ်။

မကြာမီ သမ္မတအဖြစ်ကျမ်းသစ္စာကျိန်ဆိုတော့မယ့်ဒေါ်နယ်ထရမ့်ရဲ့ဒုတိယသက်တမ်းမှာ တရုတ်နိုင်ငံက အမေရိကန်အပေါ် အားသာချက်တစ်ခုရှိနေပါတယ်။ ၂၀၁၈ ခုနှစ်ကထက်စာရင်ပေါ့။ ဘာလဲဆိုရင် ဒီတစ်ကြိမ်မှာ တရုတ်အစိုးရက ဖြစ်လာနိုင်တဲ့ကုန်သွယ်ရေးစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုကိုကောင်းစွာလုပ်ထားနိုင်ခြင်းပါပဲ။ အရင်တုန်းက တရုတ်နိုင်ငံဟာ ကုန်သွယ်ရေးနဲ့နည်းပညာပိုင်းမှာ အမေရိကန်နိုင်ငံအပေါ်ကိုသာ အလွန်အမင်းမှီခိုခဲ့ရတဲ့အတွက် ထရမ့်ရဲ့ခြိမ်းခြောက်မှုအောက်မှာ နှစ်နိုင်ငံဆက်ဆံရေးပြတ်တောက်လုနီးပါးဖြစ်ခဲ့ရတာပါ။

ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ ဘယ်လိုအခြေအနေဖြစ်လာနိုင်လဲဆိုတာကို သုံးသပ်တင်ပြရရင် တရုတ်နိုင်ငံသည် အမေရိကန်နဲ့ကုန်သွယ်ရေးပမာဏများပေမယ့်လည်း အခြားတစ်ဖက်မှာ ကျန်ကမ္ဘာ့နိုင်ငံများနဲ့ ကုန်သွယ်ရေးကိုတိုးမြှင့်လာနိုင်သည်သာမက ကမ္ဘာ့နိုင်ငံရေးစင်မြင့်မှာလည်း အမေရိကန်နိုင်ငံကို ကျော်တက်တော့မယ့်အနေအထားမြင်တွေ့နေရပါတယ်။ အကယ်၍များ ကုန်သွယ်ရေးစစ်ပွဲဖြစ်လာခဲ့ရင် ဘယ်လိုမျိုးရင်ဆိုင်တုံ့ပြန်မလဲဆိုတာကိုလည်း မဟာဗျူဟာရေးဆွဲထားပြီးပြီလို့ ယူဆရပါတယ်။ အဲဒီမဟာဗျူဟာထဲမှာ ကုန်သွယ်ရေးနဲ့ပတ်သက်လို့ အမေရိကန်နဲ့ဆက်ဆံရေးကို လုံးလုံးလျားလျားပြတ်တောက်သွားစေဖို့ ရည်မှန်းထားတာမျိုးတော့မပါဝင်တာအမှန်ပါပဲ။

တကယ်လို့များ တရုတ်နိုင်ငံနဲ့အမေရိကန်တို့ကြားမှာ ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားလာခဲ့ရင် တစ်ဦးနဲ့တစ်ဦး ညှိနှိုင်းဆွေးနွေးခြင်းနဲ့သာ အဆုံးသတ်နိုင်ခြေရှိပါတယ်။ ဒါကြောင့် တရုတ်ကွန်မြူနစ်ပါတီရဲ့ပြတိုက်ထဲက ပြခန်းလေးတစ်ခုမှာ နောက်လေးနှစ်ကြာတဲ့အခါ ဘယ်လိုမျိုးပြကွက်တစ်ခု ထပ်တိုးလာမယ်ဆိုတာကိုတော့ စောင့်ကြည့်ရမှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

Ref: SCMP

ထက်မြတ်

# ထိုင်းနိုင်ငံ၌ ပွဲတော်တစ်ခုအတွင်း လက်ပစ်ဗုံးဖြင့်တိုက်ခိုက်မှုဖြစ်ပွား၊ အနည်းဆုံးလူသုံးဦးသေဆုံး

ဘန်ကောက်၊ အကြမ်းဖက်တိုက်ခိုက်မှု

ထိုင်းနိုင်ငံမြောက်ပိုင်းရှိ တက်ပြည်နယ်၌ကျင်းပသော ပွဲတော်တစ်ခုတွင် လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခြင်းကြောင့် အနည်းဆုံးလူသုံးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသည်ဟု ခရိုင်ရဲမှူးကြီးတစ်ဦးကပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် အွမ်ဖန်ခရိုင်၌ကျင်းပလျက်ရှိသော ကြက်ခြေနီပွဲတော်တွင် ဒီဇင်ဘာလ ၁၃ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီခွဲခန့်ကဖြစ်ပွားခြင်းဖြစ်ပြီး ထိုတိုက်ခိုက်မှုနှင့်ပတ်သက်၍ သံသယရှိသူနှစ်ဦးကိုဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့က ဒီဇင်ဘာလ ၁၄ ရက်တွင်ထုတ်ပြန်သည်။

တိုက်ခိုက်မှုကိုကျူးလွန်သူများသည် စတိတ်စင်တစ်ခုရှေ့၌ကနေသော ဒေသခံပြည်သူများကြားထဲသို့ လက်ပစ်ဗုံးကိုပစ်သွင်းသွားခြင်းဖြစ်ပြီး ထိုသို့တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူ ၄၈ ဦးအထိရှိသည်ဟု ရဲဒုတိယဗိုလ်ချုပ်ကြီးကရေသောင်းကပြောသည်။

ယခုဖြစ်ပွားသောတိုက်ခိုက်မှုက လက်ရှိဖြစ်ပွားနေဆဲဖြစ်သော လူငယ်အုပ်စုများကြားပဋိပက္ခနှင့်ဆက်နွယ်နေကြောင်းနှင့် ထိုပဋိပက္ခသည် ထိုင်းနိုင်ငံ၌ကျင်းပသော ရေသဘင်ပွဲတော်မှအစပြုခြင်းဖြစ်သည်ဟု ပြည်တွင်းသတင်းဌာနများကဖော်ပြထားသည်။ တစ်နှစ်တစ်ကြိမ်ကျင်းပသည့် အဆိုပါကြက်ခြေနီပွဲတော်ကို လူ ၈၀၀၀ မှ ၉၀၀၀ ကြားတက်ရောက်လေ့ရှိကြောင်း သိရသည်။

Ref: BP



# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ ကန်ဆယ်တူးဖော်ထိန်းသိမ်းခဲ့ခြင်းများအတွက်လှူဒါန်းမှု အလှူရေစက်ချမင်္ဂလာအခမ်းအနားနှင့် ရှေးဟောင်းရေလမ်းကြောင်းများနှင့် ရှေးဟောင်းရေကန် ၉၁ ကန်နှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၄

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးတို့နှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ ကန်ဆယ်တူးဖော်ပြုပြင်ထိန်းသိမ်းလှူဒါန်းခြင်း ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ရုပ်စုံကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုန္ဒဝံသ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဆရာတော်ကြီးများချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များနာယူကာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြည်ညိုပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီး အမှူးပြုသော ဆရာတော်များက ရေကန်အလှူရှင်ကမ္ပည်းကျောက်စာကို အောင်သပြေခက်များဖြင့် ပက်ဖျန်းပေးပြီး ရေကန်၏ ရေဝင်ရောက်မှုအခြေအနေနှင့် ထိန်းသိမ်းထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီးက ရေကန်ဆယ်ယူခဲ့မှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ ရှေးဟောင်းရေလမ်းကြောင်းများနှင့်ရှေးဟောင်းရေကန် ၉၁ ကန်အနက် တူးဖော်ကန်ဆယ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ကျန်ရှိသောရေကန်များနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပရာ ပြည်ထောင်စုဝန်ကြီးက



အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် သရပါတံခါးအနီးမှ အနော်ရထာလမ်းအတွင်း မြေလမ်းကို ဂျင်းကျောက်မြေနီခင်းသည့် လုပ်ငန်းခွင်သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

ထို့နောက် စူဠာမဏိဂူဘုရားသို့ သွားရောက်၍ နံရံဆေးရေးပန်းချီများ သန့်စင်ခြင်းနှင့် Tempered Glass မှန်ဖြင့် ကာရံခြင်း ဆောင်ရွက်ပြီးစီးမှု၊ ပုဂံခေတ်ရှေးအုတ်အစွယ်ဖြင့် ဘုရားတံတိုင်းနှင့် ဘုရားအကြား လျှောက်လမ်း အကျယ် ၉ ပေ ၆ လက်မ၊ အရှည် ၁၂၈၂ ပေ ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းထားသော ဘုရားအမှတ်(၇၅၂)တို့ကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တူးဖော်ကန်ဆယ်ထားသည့် ကန်သစ်ကန် (ပြဿဒ်ကန်)၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှူဒါန်းထားပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တူးဖော်ကန်ဆယ်ထားသည့် အာမနာကန်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တူးဖော်ကန်ဆယ်ထားသည့် မြေနဲလေးကန်-၃၊ အလိုတော်ပြည့်ဘုရား မိုးကြိုးလွှဲတပ်ဆင်ထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

**ညအပူချိန် လျော့နည်းခဲ့သော စခန်းများ၏ ၁၄-၁၂-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ**

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | -၁.၂ | ၂၉.၈ |
| တီးတိန်မြို့ | ၄.၃ | ၃၉.၇ |
| ပူတာအိုမြို့ | ၆.၄ | ၄၃.၅ |
| ပြင်ဦးလွင်မြို့ | ၆.၇ | ၄၄.၁ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၇.၃ | ၄၅.၁ |

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| မြစ်ကြီးနားမြို့ | ၈.၄ | ၄၇.၁ |
| လွိုင်လင်မြို့ | ၈.၉ | ၄၇.၈ |
| မချမ်းဘော့မြို့ | ၉.၆ | ၄၉.၃ |
| ဟဲဟိုးမြို့ | ၁၀.၀ | ၅၀.၀ |
| ပင်လောင်းမြို့ | ၁၀.၂ | ၅၀.၄ |

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၄

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့်ကျောင်းသား၊ ကျောင်းသူများအဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်အပါအဝင် မြို့နယ်(၁၄)မြို့နယ်တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ပြည်သူ့ဆေးရုံ၌လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေးရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်စဉ်။



ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက သန့်ရှင်းရေးဆောင်ရွက်စဉ်။

# သုံးခွမြို့နယ်၊ မှော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့၌ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၄

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း ရှိ သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့် ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်း ဒေသကြီး၊ သုံးခွမြို့နယ်၊ သိုက်တူးကန် ကျေးရွာမှ ဒေသခံပြည်သူ ၁၂၈ ဦးတို့ကို အဆိုပါကျေးရွာရှိ ဘိုးဘွားရိပ်သာဓမ္မာရုံ၌လည်းကောင်း၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု၊ အင်းတန်ကျေးရွာမှ သံဃာတော် ၆ ပါးနှင့် ဒေသခံပြည်သူ ၁၂၉ ဦးတို့ကို အဆိုပါ ကျေးရွာရှိ စံပယ်ခြံတပ်ဦးကျောင်း၌လည်း ကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘူမိအနောက် ရပ်ကွက်မှ သံဃာတော် ၁၀၂ ပါး၊ သာသနာနွယ်ဝင်သီလရှင် ၃၃ ပါးနှင့် ဒေသခံပြည်သူ ၇၂ ဦးတို့ကို အဆိုပါရပ်ကွက်ရှိ မဏိရတနာ ရာမခြေတော်ကျောင်းတိုက်၌လည်းကောင်း အသီးသီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောခြင်းများနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**





**ဖခင်အမည်မှန်**

တောင်ကြီးမြို့၊ အ.ထ.က(၈) Grade-8(A) တွင် ပညာသင်ကြားနေသော မရှင်းရှင်း၏ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၁၃/တကန(နိုင်)၁၉၁၃၅၁ ဖြစ်ပါကြောင်း။

ဦးစိုးဝင်း

**ဖခင်အမည်မှန်**

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ အောင်သာယာလမ်း၊ ရ/၅၅၉ နေ မောင်ချစ်မင်းသူ၏ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၁၃/တကန(နိုင်)၁၉၁၃၅၁ ဖြစ်ပါကြောင်း။

ဦးစိုးဝင်း

**မိဘအမည်မှန်**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဆီဆိုင်မြို့နယ်၊ အ.ထ.က(နောင်မွန်)G-11 မှ နန်းမွန်မြတ်သူ၏မိဘအမည်မှန်မှာ ခွန်စောထွန်း ၁၃/ဆဆန(နိုင်)၀၄၉၃၉၈ နှင့် နန်းအေးစိန် ၁၃/ဆဆန(နိုင်)၀၇၂၄၄၇ ဖြစ်ပါကြောင်း။

ခွန်စောထွန်း၊ နန်းအေးစိန်

**ဖခင်အမည်မှန်**

လယ်ဝေးမြို့၊ အ.ထ.က(ခွဲ) ဂုဏ်မင်းမြောင် G-11 မှ မောင်ထွန်းလင်းကျော်နှင့် G-7 မှ မောင်ရီဝေဖြိုးတို့၏ဖခင်အမည်မှန်မှာ ဦးမင်းကြည် ၉/လဝန(နိုင်)၁၂၆၇၄၄ ဖြစ်ပါကြောင်း။

ဦးမင်းကြည်

**"Myanmar Auspicious Communication Services Co.,Ltd."**
**ဖျက်သိမ်းရန်ကြေညာချက်**

၁။ "Myanmar Auspicious Communication Services Co.,Ltd."ကို အစုရှင်၏ဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ၊ (၁၃)ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့်အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဖြူဖြူငြိမ်း၊ (B.COM, CPA-PA.578) (MAIP-00183)၊ အမှတ်(၄၂)၊ ၄၂-လမ်း၊ ကုန်သည်လမ်းနှင့် ကမ်းနားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအားခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဒေါ်ဖြူဖြူငြိမ်း၊ (B.COM, CPA-PA.578) (MAIP-00183)လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ဖြူဖြူငြိမ်း(B.COM, CPA-PA.578)
(MAIP-00183)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

U Tun Lin
Managing Director
Myanmar Auspicious Communication Services Company Limited

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**

မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်၊ နယ်မြေ(၇)၊ ရန်ကုန်-မန္တလေးလမ်းနေ ဦးအောင်ကျော်ခင် (၉/မထလ(နိုင်)၀၃၅၇၆၀)ကိုင်ဆောင်သူမှ(အလျား ၁၆'-၀" x အနံ ၁၅'-၀")Steel Structure(၂)ထပ် သွပ်မိုးအဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့

**ပျောက်ဆုံးကြောင်း**

မြင့်အေး(ဘ)ဦးဝင်းကြိုင် ၁၂/တတန(နိုင်)၀၇၁၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၉၄၆၆၇

**ပျောက်ဆုံးကြောင်း**

သန္တာဦး(ဘ)ဦးဦးမြ ၁၂/ဗတထ(နိုင်)၀၃၅၉၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၈၈၉၂၇၄

**ပျောက်ဆုံးကြောင်း**

သီတာချို(ဘ)ဦးကျော်အေး ၁၀/ကထန(နိုင်)၀၇၈၈၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 031092)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၆၄၄၉၃၃၀

**ပျောက်ဆုံးကြောင်း**

လှသိန်းဝေ(ဘ)ဦးမြိုင်ထင်ချေ ၁၁/ကတန(နိုင်)၀၇၉၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 378565)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၀၁၇၃၇၃

**ပျောက်ဆုံးကြောင်း**

ဖြူဖြူခင်(ဘ)ဦးထွန်းဝေ ၁၂/တမန(နိုင်)၀၄၂၇၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၈၀၀၅၃၇

**အလိမ္မာစာမှာရှိ**

**ပျောက်ဆုံးကြောင်း**

ချာဘီမာယာ(ခ)မိနား(ဘ)ဦးဟာရီဟာန်(ခ)ကန်ချား ၉/မရမ(နိုင်)၀၆၃၉၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 398242)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၄၉၂၀၄၂

**ပျောက်ဆုံးကြောင်း**

အိမာထွန်း(ဘ)ဦးလှလွင် ၁၂/ကတန(နိုင်)၀၈၀၀၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 053452)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၆၂၇၀၂၀၁

**ပျောက်ဆုံးကြောင်း**

အိအိမွန်(ဘ)ဦးလှရီ ၁၄/ရကန(နိုင်)၁၂၈၉၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၀၇၈၆၇၇

**ပျောက်ဆုံးကြောင်း**

စန္ဒာအောင်(ဘ)ဦးမြင့်သန်း ၁၂/သကတ(နိုင်)၁၆၁၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၆၂၆၁၁၂

**ပျောက်ဆုံးကြောင်း**

ဝင်းစန္ဒာအောင်(ဘ)ဦးဝင်းနိုင် ၉/ကဆန(နိုင်)၁၇၅၄၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 670038)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၀၁၃၄၁၆၀

**ပျောက်ဆုံးကြောင်း**

ခင်ဇော်(ဘ)ဦးစံသိန်း ၈/တတက(နိုင်)၂၁၈၀၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 668744)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၄၃၀၀၄၄၁

**ပျောက်ဆုံးကြောင်း**

အောင်ပြည့်ဖြိုး(ဘ)ဦးအေးဝင်းအောင် ၁၂/ဥကတ(နိုင်)၁၉၀၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

မခင်ပပ(ဘ)ဦးမြင့်ဆွေ ၁၂/လသယ(နိုင်)၀၄၁၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၄၃၆၃

**ပျောက်ဆုံးကြောင်း**

နော်ရှဲဖေါခူ(ဘ)ဦးသာချို ၁၄/သပန(နိုင်)၁၁၇၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**ပျောက်ဆုံးကြောင်း**

ရှမ်းပြည်နယ်၊ မိုင်းငေါ့မြို့နယ်၊ ချုံးသစ်ရွာနေ နန်းရွှေမျို(ဘ)ဦးအိုက်ပွဲ ၁၃/မငန(နိုင်)၀၀၈၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 521396)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၃၀၃၆၃၂၇

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှုမြင်ကွင်းပုံရိပ်များ



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး Athletic Physique ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား မီတာ ၁၁၀ တန်းကျော်အပြေးပြိုင်ပွဲဗိုလ်လုပွဲတွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးအလေးမပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီးခရစ်ကက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး မီတာ ၂၀၀ အလွတ်ကူး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်စဉ်။

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စက်သုံးဆီများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဒီဇင်ဘာ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဒီဇင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်**တို့တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၅)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဒီဇင်ဘာလ ၁၂ ရက်**တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၀၇၉)တန်၊ အခြားသစ် (၄၀ ဒသမ ၈၀၂)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၇၁၉၁)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၂ ရက်**တွင် ရွှေကျင်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၈၃၄၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Man Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့၊ Max ဆီဆိုင်အနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၈၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **ဒီဇင်ဘာလ ၁၃ ရက်**တွင် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ်(၃၆၄)၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၃၀၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Daewoo Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၇၈၉၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဒီဇင်ဘာလ ၁၂ ရက်**တွင် ပဲခူးမြို့၊ ကျုံးရိုးတန်းလမ်း၊ ပန်းလှိုင်ရပ်ကွက်ရှိ ဂိုဒေါင်(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၄၂၉၀၀၀)နှင့် ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၅၀၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Paya မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဒီဇင်ဘာလ ၁၃ ရက်**တွင် သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၂၅)ပီပါ၊ ဓာတ်ဆီ (၁၈)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၄၂၅၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ တာဂွပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဆီသယ်ယာဉ်(၂)စီးပေါ်မှ တရားမဝင်စက်သုံးဆီ လေယာဉ်ဆီ(၁၂၈)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၂၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် Nissan ဆီဘောက်ဆာယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်နှင့် သနပ်ပင်မြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၅၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၃၀၂)တန်၊ သစ်မာ (၄ ဒသမ ၀၂၀)တန်၊ အခြားသစ် (၅ ဒသမ ၀၈၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၆၄၂၇)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၈၅၀၇၉၂၇)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဒီဇင်ဘာလ ၁၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁၇)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၆၃)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၁၆၂၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hitachi စက်ယန္တရားဘက်ဟိုးယာဉ် (၁)စီး၊ Honda Fit Shuttle မော်တော်ယာဉ် (၁)စီး၊ Nissan Diesel Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၃၆၅၆၆၁၈)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ဆောင်ရွက်သည့်လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှု စသည်များလျော့ကျလာစေပြီး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးနိုင်မှုနှင့် အခွန်ပေးဆောင်နိုင်မှုကျဆင်းခြင်းများကို ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

**(သတင်းစဉ်)**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



ခွန်နေဝင်းနှင့်စိုးသူတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူတွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၁၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်တွင် ကျိုက်ကွမ်း (ခ)အိုက်ကွမ်း မောင်းနှင်ပြီး စိုင်းလ လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကိုလည်းကောင်း၊ အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် တန့်ယန်းမြို့၊ ရပ်ကွက် (၅)တွင် စိုင်းခမ်းလူမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာလ ၁၂ ရက် နံနက် ၈ နာရီခွဲတွင် လွိုင်လင်မြို့နယ်၊ ဟိုတင့်ကျေးရွာအနီး၊ လွိုင်လင်-တောင်ကြီးသွားကားလမ်းတွင် ခွန်နေဝင်း မောင်းနှင်ပြီး စိုးသူ လိုက်ပါလာသည့် Light Truck အမျိုးအစားမော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၉ သိန်းကိုလည်းကောင်းသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၁၇˚C / ၃၀˚C |
| ရန်ကုန် | ၂၁˚C / ၃၄˚C |
| မန္တလေး | ၁၇˚C / ၃၀˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ဥဒညီပန်းအဝိုင်းအနီး၊ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၄၃၅၁၈၀၊ ၀၆၇ ၄၄၃၅၁၈၂၊၀၆၇ ၄၄၃၅၁၈၅၊ ၀၆၇ ၄၄၃၅၁၈၃၊ Fax - ၀၆၇၄၄၃၅၁၈၈၊ Email; myanmarland2005@gmail.com




မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ၊
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။




နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ
ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




MWD
မီဒီယာစင်တာ
Theatre
Function Hall
Ball Room
Media Training
Meeting Room
ရရှိနိုင်သောဝန်ဆောင်မှုများ
ဗီဒီယို / ရုပ်သံ ရိုက်ကူးထုတ်လုပ်သူများအတွက်...
အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများအသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။
ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...
LED Screen ပါသည့် ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။
No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township.
09-680101166,01-4705990,01-4705991,01-4705992
https;//www.facebook.com/Public Media Centre

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကိုပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ် . . .**

❖ **ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမားအကြမ်းဖက်များပင်ဖြစ် . . .**

❖ **အခြားဒေသတွင်နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိ . . .**

❖ **ဥပမာပေးရမည်ဆိုပါက “အရိပ်နေနေ၊ အခက်ချိုးချိုး” ပြုလုပ်နေသူများဖြစ် . . .**

❖ **၎င်းကဲ့သို့အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အတွင်းရှိ တော်ဝိနှင့် ပိန်းဇလုပ်ဘူတာ အကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခဲ့



ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်းရှိ တော်ဝိနှင့်ပိန်းဇလုပ်ဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းဖောက်ခဲ့မှုကြောင့် ပျက်စီးမှုအခြေအနေကိုတွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၄

ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ တော်ဝိဘူတာနှင့် ပိန်းဇလုပ်ဘူတာအကြား၊ မိုင်တိုင်အမှတ် ၉၉/၆-၇ နေရာရှိ အစုန်ရထားလမ်းပေါ်၌ ဒီဇင်ဘာလ ၁၃ ရက်နေ့ည ၁၁ နာရီ ၄၀ မိနစ်အချိန်ခန့်တွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲခဲ့သဖြင့် ရထားလမ်းထိခိုက်

စာမျက်နှာ ၂၉ ကော်လံ ၁ ●



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများယှဉ်ပြိုင်နေမှုအား ပရိသတ်များကကြည့်ရှုအားပေးစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဒီဇင်ဘာ ၁၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိသတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ အမျိုးသား/အမျိုးသမီး ကီလိုမီတာ ၂၀ လမ်းလျှောက်ပြိုင်ပွဲ၊

စာမျက်နှာ ၂၂ ကော်လံ ၁ ○

# လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဒီဇင်ဘာ ၁၄

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ ဒီဇင်ဘာလ ၁၅ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံတမီးလ်နာဒူးကမ်းခြေသို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။

(မိုး/ဇလ)

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257